# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn ကို လက်ခံတွေ့ဆုံ

## ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော်   ဇွန်   ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❊*


**ယနေ့** *ဖတ် စ ရာ*

အတိတ်က သမဝါယမ၊ ယနေ့ သမဝါယမနှင့် သမ/ကျေးလက် ဝန်ကြီးဌာန — ဆောင်းပါး — စာ - ၁၀

ဖိလစ်ပိုင်နိုင်ငံ၏ ၁၇ ဦးမြောက် သမ္မတအဖြစ် ဖာဒီနန် ရာမူဒက်ဇ်မားကို့စ် ကျမ်းသစ္စာကျိန်ဆို — နိုင်ငံတကာသတင်း — စာ - ၁၃

# ကမ္ဘာလောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး

မြန်မာနိုင်ငံသို့ သမဝါယမစနစ်ရောက်ရှိခဲ့သည်မှာ နှစ်ပေါင်း ၁၂၀ ခန့်ရှိပြီ ဖြစ်သည်။ မြန်မာ့သမဝါယမ၏ အစသည် ၁၉၀၅ ခုနှစ် မြင်းမူ ငွေစုငွေချေးသမဝါယမဖြစ်ရာ တိတိကျကျဆိုရလျှင် ၁၁၇ နှစ် ရှိပြီဖြစ်သည်။ သမဝါယမ လူ့အဖွဲ့အစည်းများ၏ အနှစ်သာရမှာ အများအတွက် တစ်ယောက်၊ တစ်ယောက်အတွက် အများ၊ စုပေါင်းဆောင်ရွက်၊ မျှဝေခံစားခြင်းဖြစ်ရာ မူလမြန်မာလူမျိုးတို့၏ ရိုးရာဓလေ့စရိုက်တို့နှင့်လည်း ကိုက်ညီသည်။ သို့ရာတွင် သမဝါယမဟု ဆိုသည်နှင့် တစ်ခေတ်တစ်ခါက ရပ်ကွက်/ကျေးရွာ စားသုံးသူ သမဝါယမအသင်းများ၏ အသင်းသား ပြည်သူလူထု အကျိုးစီးပွားကို အပြည့်အဝ မဖော်ဆောင်နိုင်ခဲ့သည့်ပုံရိပ်များ အပါအဝင် မကောင်းသည့်၊ မအောင်မြင်သည့် ပုံရိပ်များစွာတို့က စွဲထင်နေဆဲဖြစ်သည်။

ကမ္ဘာ့သမဝါယမအခြေခံမူများမှာ အသင်းသားအဖြစ် လွတ်လပ်သောဆန္ဒနှင့်အညီ ပါဝင်ခြင်း၊ အသင်းသားများ၏ ဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊ အသင်း၏ စီးပွားရေးလုပ်ငန်းများတွင် အသင်းသားများက ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အသင်းသည် ကိုယ်တိုင်စီမံခန့်ခွဲကာ လွတ်လပ်မှုရှိခြင်း၊ သမဝါယမအသင်း အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ပါဝင်ရာ သမဝါယမအသင်းသားတိုင်း အများအကျိုးရှက်သယ်ပိုးလိုသည့် စိတ်ဓာတ်၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်နှင့် စည်းလုံးညီညွတ်မှုတို့က အသင်းအောင်မြင်ရေးအတွက် လိုအပ်သည့် စိတ်ဓာတ်နှင့် အမူအကျင့်များပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် သမဝါယမအဖွဲ့အစည်း စုစုပေါင်း သုံးသန်းကျော်တို့ဖွဲ့စည်းဆောင်ရွက်နေပြီး အသင်းသား သန်းပေါင်းများစွာတို့ကို အကျိုးပြုလျက်ရှိရာ သမဝါယမအဖွဲ့အစည်းများဟူသည် စိတ်ဓာတ်ကောင်းကောင်း၊ စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်ကြခြင်းဖြင့် လူသားအကျိုးပြုအဖွဲ့အစည်းများ ဖြစ်ကြောင်း ပြသလျက်ရှိခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ကုန်ထုတ်လုပ်မှုဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် သမဝါယမအသင်းပေါင်း ၃၉၀၀၀ ကျော်ရှိရာ ပြည်သူလူထုအတွင်း သမဝါယမစနစ်နှင့် စပ်လျဉ်း၍ အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ကာ သမဝါယမအဖွဲ့အစည်းများ တိုးချဲ့ဖြစ်ထွန်းလာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြင့် သမဝါယမအပေါ် အဆိုးမြင်မှုများကို အကောင်းမြင်အဖြစ်သို့ ပြောင်းလဲလာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခု ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့သည် နှစ်တစ်ရာပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့(100th COOPSDAY) ဖြစ်ပြီး ယခုနှစ်၏ ဆောင်ပုဒ်မှာ "Cooperatives Build a Better World" "ကမ္ဘာလောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး" ဟူ၍ ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ စီးပွားရေးပြန်လည်နိုးထလာရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့တွင် သမဝါယမအဖွဲ့အစည်းတို့၏ ကဏ္ဍမှာ ပိုမိုအရေးပါလျက်ရှိသကဲ့သို့ သမဝါယမ၏ အမွန်အမြတ်စိတ်ဓာတ်တို့ကို လူ့အဖွဲ့အစည်းများအတွင်း ဖြန့်ကြက်စေခြင်းဖြင့် ပိုမိုကောင်းမွန်သော လူ့ဘောင်လောကကို တည်ဆောက်နိုင်ကြပါစေကြောင်း။ ။



## အာဇာနည်များ၏ ဆယ့်ကိုးဇူလိုင်

◆ တစ်ကိုးလေးခွန်
တွေးခါမြင်မိ
ဖြစ်စဉ်ကျိုးကြောင်း
မမေ့ကောင်းမို့
ထပ်လောင်းလို့သာ လွမ်းမိသည်။

◆ ဆယ့်ကိုးဇူလိုင်
မမေ့နိုင်ဘဲ
ခုတိုင်ဒီထိ
စွဲငြိမေတ္တာ
လွမ်းရရှာခဲ့။

◆ အမိမြန်ပြည်
ဇာနည်အောင်ဆန်း
မျိုးဂုဏ်ထမ်းလျက်
လုပန်းလွတ်လပ်
တောင်းဆိုအပ်ဖို့
ဘိလပ်ကိုသွား
စာချုပ်ငြားခဲ့။

◆ အောင်ဆန်းအက်တလီ
စာချုပ်သည်က
ပထမတွက်
လမ်းပွင့်ထွက်ခဲ့။

◆ ထိုနေ့ခါတွင် (၁၉/၇/၁၉၄၇)
ဆင်ယင်ပြင်၍
တွင်းဝန်ရုံးမှာ
စည်းဝေးရှာခဲ့။

◆ ထိုချိန်ခါမှာ (နံနက် ၁၀ နာရီ
၃၇ မိနစ်တိတိ)
လူယုတ်မာတို့
ပြေးလာချီတက်
ရုံးဆီထက်တွင်
လက်နက်ကိုယ်စီ
ပစ်ချက်ညီစွာ
ပစ်ခတ်တာကြောင့်
သက်ပါဆုံးရှုံး
အတုံးရုံးနဲ့ ကျခဲ့သည်။

◆ မိုးကဖွဲဖွဲ
ရွာလေသည်းတော့
ငိုပွဲတစ်ဖုံ
လွမ်းမျိုးစုံ၍
တွေ့ကြုံခဲ့ရ
မြင်ခဲ့ရမို့
ရင်မှာတစ်ဖုံ
ဆွေ့ဆွေ့ခုန်ခဲ့။

◆ ထိုဖြစ်ဇာတ်လမ်း
ထိုမှတ်တမ်းကို
အခဏ်းကိုယ်စီ
ရေးကြသည်။

◆ စာရေးသူများ
လက်ကူပွားလျက်
ပြည်သားတိုင်းသူ
သိဉာဏ်ကူခဲ့။

◆ ထိုနေ့ထိုရက်
မိုးစက်စက်ဖြင့်
ဖြစ်ပျက်ဇာတ်လမ်း
အိပ်မက်ဆန်းနှယ်
ပင်ပန်းတိတ်ဆိတ်
ထိုလောင်းရိပ်တွင်
တွေးစိတ်လီလီ ပြောင်းခဲ့သည်။

◆ အမျှ အမျှ
ပေးဝေငှသည်
ရကြပါစေ
မျှတမ်းဝေပြီ
ရောက်လေအရပ်
လွန်မြင့်မြတ်နှင့်
ထပ်ထပ်ခါခါ
ရောက်ပါစေသား
ရောက်စေသား။

◆ သူတို့ပေးအပ်
ပေးဆပ်အသက်
တိုင်းပြည်တွက်မို့
စဉ်ဆက်နမူ
လက်ကမ်းယူခါ
ပြည်သူအတွက်
တိုးဆောင်ရွက်ဖို့
ဆက်လက်သယ်ဆောင်
လူငယ်မောင်တို့ တာဝန်တည်း။ ။

**သုဝဏ္ဏတင့်ဝေ(ကဗျာ)**

## သီပေါမြို့နယ် ကျောင်းစုကျေးရွာ ရှေးဟောင်းစေတီတော်မြတ်ကြီး အများပြည်သူ ဖူးမြော်နိုင်ရန်တည်ထား

**သီပေါ ဇွန် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျောင်းစု ကျေးရွာ ဘဏ္ဍာဘုန်းတော်ကြီးကျောင်းတိုက် ပရိဝုဏ်အတွင်း ရှေးမင်းအဆက်ဆက်နှင့် ရှမ်းစော်ဘွားများ တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းမဟာဘဏ္ဍာမုန်စေတီတော်မြတ်ကြီး နှစ်ပေါင်းများစွာ လေဒဏ်မိုးဒဏ်များကြောင့် ပျက်စီးယိုယွင်းလျက်ရှိနေသဖြင့် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့၏ သြဝါဒကိုခံယူ၍ ဘဏ္ဍာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် သာသနာဓဇမ္မာစရိယ ဘဒ္ဒန္တဇာနေယျ အရှင်သူမြတ်၏ ဦးဆောင်မှုဖြင့် ဗုဒ္ဓနွယ်ဝင် စေတနာရှင်များ ပါဝင်လှူဒါန်းမှုနှင့် တည်ထားလျက်ရှိသည်။



ဘဒ္ဒန္တဇာနေယျ အရှင်သူမြတ် ဖုန်း ၀၉-၄၀၃၇၉၉၉၀၁ နှင့် ဂေါပကအဖွဲ့ ၀၉-၇၇၅၈၅၈၁၂၄ (KP) တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ထို့ပြင် ရှေးဟောင်းစေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းကြီးတွင် ကိန်းဝပ်စံပွာယ်ကြည်ညိုကိုးကွယ်နိုင်ရန် သီပေါမြို့ ဈေးရပ်နေ ဘုရားဒါယိကာမကြီး ဒေါ်ဝင်းမာအေး မိသားစုက စကျင်ကျောက်ဆင်းတုတော်တစ်ဆူနှင့် ရန်ကုန်မြို့ အလှူရှင် ကပ္ပတိန် ဦးစိန်တန်အောင်+ ဒေါ်ဇာခြည်ဝင်း မိသားစုတို့က ရှားပါးတန်ဖိုးရှိသော ကျွန်းနက်ဗုဒ္ဓဆင်းတုတော်တစ်ဆူတို့ကိုလည်း လှူဒါန်းခဲ့သည်။

အဆိုပါ စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရာတွင် ကုသိုလ်ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဇာနေယျ အရှင်သူမြတ် ဖုန်း ၀၉-၄၀၃၇၉၉၉၀၁ နှင့် ဂေါပကအဖွဲ့ ၀၉-၇၇၅၈၅၈၁၂၄ (KP) တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## လက်ပံတန်းမြို့၌ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းနှင့် မြက်ချဉ်ဖတ်ပြုလုပ်နည်း သင်တန်းဖွင့်

**လက်ပံတန်း ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးရွာကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ပံတန်းမြို့၌ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းနှင့် မြက်ချဉ်ဖတ်ပြုလုပ်နည်းသင်တန်းကို ကိုင်းတောစု ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့နံနက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် လက်ပံတန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာစိုးမိုးဝင်းက တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း အာဟာရတန်ဖိုးမြင့်မားသည့် တိရစ္ဆာန်အစာပင်များ စိုက်ပျိုးထုတ်လုပ်လာနိုင်စေရေးနှင့် အစာရှားပါးချိန်များတွင် ကျွေးမွေးနိုင်ရန်၊ လွတ်ကျောင်းစနစ်မှ ခြံလှောင်မွေးစနစ်သို့ ဆောင်ရွက်ရာတွင် တိရစ္ဆာန်များအားကျွေးမွေးနိုင်ရန် မြက်ချဉ်ဖတ်ပြုလုပ်ခြင်း သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဒေသခံတောင်သူများ တက်ရောက်၍ သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ◆ မြန်မာနိုင်ငံရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အာဆီယံ၏ မူဝါဒတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် ပတ်သက်၍ "တစ်ဦးတစ်ယောက်မှ မကျန်ရ"ဆိုသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း "လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ" ဆိုသည့် မူဝါဒထားရှိ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*❊ ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံစဉ် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် တိုးတက်မှုရှိသည့်အခြေအနေများ၊ NUG ၊ CRPH တို့မှ ပေါက်ဖွားလာသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်မှုလုပ်ရပ်များကြောင့် သံဃာတော်များနှင့် ကိုရင်များ၊ အပြစ်မဲ့ပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိသူများ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ယင်းတို့၏ ဆိုးရွားစွာဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မိုင်းထောင် ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် ပြည်သူပိုင်အဆောက်အဦများနှင့် နိုင်ငံတော်ပိုင် အဆောက်အဦများ ပျက်စီးခဲ့ရမှု၊ အကြမ်းဖက်မှုပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိမှု၊ မြန်မာနိုင်ငံရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အာဆီယံ၏မူဝါဒတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ပတ်သက်၍ **"တစ်ဦးတစ်ယောက်မှ မကျန်ရ"** ဆိုသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း **"လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ"** ဆိုသည့် မူဝါဒထားရှိ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H. E. Ekka-phab Phanthavong၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Chhouk Bunna နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်နှင့် အခြေခံမူများအပေါ် အခြေခံပြီး အာဆီယံနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းအား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးစင်တာ၊ လက်ရှိအာဆီယံဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးကိစ္စတို့ကို ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှု များရပ်တန့်ရေး၊ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ် အဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးနေမှုများအား အစိုးရ၏ ဦးစားပေးအစီအစဉ်များအဖြစ် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်နှင့် အခြေခံမူများအပေါ် အခြေခံပြီး အာဆီယံနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း ကတိပြုသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများကလည်း အာဆီယံပဋိညာဉ်နှင့် အာဆီယံ၏ အဓိကမူများကို လေးစားလိုက်နာရန်နှင့် အပြန်အလှန် လေးစားမှုရှိရန် လိုအပ်ကြောင်း ပြောကြားသည်။



တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Park Royal Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**မိုး/ဇလ**

# အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရန်ကုန်နှင့် နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် ဇွန် ၃၀**

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံ ဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းက ကြိုဆိုသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာပရပ်ဆုတ်ခွန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် သံတမန်ရေးရာဦးစီးဌာနမှ ဦးဝဏ္ဏဟန်တို့က လေဆိပ်၌ ကြိုဆိုကြသည်။ (ယာပုံ) **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခန္တီးမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအေးလှိုင်နှင့်အတူ ဇွန် ၂၇ ရက် ညနေပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ ရောက်ရှိသည်။

**လိုအပ်သည်များ မှာကြား**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ၏ အကူအညီနှင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ခဲ့သည့် လဟယ်မြို့နယ် လဟယ် – လောင်ကျန်းနောက်ကုန်းမြေလမ်း ၁၀ မိုင် ပြုပြင်ထိန်းသိမ်းခြင်း၊ Box Culvert ၁၀ စင်း၊ အဆိုပါလမ်းပေါ်ရှိ ပေ ၄၀ ဘေလီတံတား တစ်စင်းနှင့်ပေ ၂၀ ဘေလီတံတား တစ်စင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းခွင်သို့ရောက်ရှိခဲ့ရာ ရှင်းလင်းဆောင်၌ တာဝန်ခံ အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ထို့နောက် လဟယ် – နန်းယွန်းလမ်းပိုင်းနှင့် ဆက်စပ်၍ လမ်း/တံတား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်ရန်၊ လိုအပ်သည့်နေရာများတွင် တံတားများ၊ Box Culvert များ ထည့်သွင်းတည်ဆောက်ရန်၊ အတက်/အဆင်း မတ်စောက်သည့် လမ်းပိုင်းနေရာများကို ပြေပြစ်မှုရှိစေရန် လမ်းအူကြောင်း ရှာဖွေ၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လဟယ်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ ခေတ္တနာဂဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့၏ ကျောင်းအုပ်များက ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများ၊ အိပ်ဆောင်၊ စားရိပ်သာ၊ တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။




**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသား/ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ကာ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သုံးထပ်ကျောင်းသား အိပ်ဆောင်တည်ဆောက်မည့် မြေနေရာနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခေတ္တနာဂဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ အစိုးရနည်းပညာ အထက်တန်းကျောင်း(လဟယ်) ဆောက်လုပ်နေမှုကို ကြည့်ရှုလေ့လာခဲ့ပြီး ညနေပိုင်းတွင် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းများသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ ဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုခန်းမ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ရပ်မိ/ရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ နာဂဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် ဆန်အိတ် ၁၀၀၊ ဆိုလာ အစုံ ၁၀၀၊ ကျောင်းဝတ်စုံ ဖြူ/စိမ်း အစုံ ၃၀၀၊ ဗလာစာအုပ် ဒါဇင် ၃၀၀ တို့ကို တာဝန်ရှိသူ အသီးသီးတို့ထံ ပေးအပ်ခဲ့ရာ (ဝဲပုံ) ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ် မြို့နယ်၊ လေရှီးမြို့နယ်နှင့် ခန္တီးမြို့နယ်ကို အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်စေရန် အတွက် မြို့နယ်ချင်းဆက်လမ်းများ လာမည့်ဘဏ္ဍာနှစ်များအတွင်း လျာထားဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ခန္တီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး ခန္တီး မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း အမှာစကားပြောကြား၍ ကျောင်းသုံးဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် ခန္တီးမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမျိုးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၃၀**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမျိုးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၂၉ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမျိုးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၆ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းအား ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းဆိုင်ရာ ပထမအဆင့်လုပ်ငန်းစဉ် အကောင်အထည်ဖော်ပြီးမြောက်မှု ဖြစ်ပေါ်တိုးတက်မှု၊ ဒုတိယအဆင့် အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးစီမံခန့်ခွဲမှုမူဘောင် အကောင်အထည်ဖော်ခြင်း ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် အမှန်တကယ် လိုအပ်နေသူများကို ခွဲခြားမှုမရှိဘဲ မျှတစွာ ပေးအပ်သွားနိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်၊ AHA Centre နှင့် လက်ရှိ အာဆီယံဥက္ကဋ္ဌတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းအတည်ပြုသည်။



အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကာလအတွင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခဲ့သည့်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည် -

**၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကာလအတွင်း**
**အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခဲ့သည့်စာရင်း**

| စဉ် | အကြောင်းအရာ | အရေအတွက် | ကုန်ပစ္စည်းတန်ဖိုး (ကျပ်ဘီလီယံပေါင်း) | ကင်းလွတ်ခွင့်ပြုခဲ့သည့် အခွန်ပမာဏ (ကျပ် ဘီလီယံပေါင်း) | | | ကင်းလွတ်ခွင့်ပြုသည့် အခွန်ပမာဏ စုစုပေါင်း (ကျပ်ဘီလီယံပေါင်း) |
|---|---|---|---|---|---|---|---|
| | | | | အကောက်ခွန် | ကုန်သွယ်ခွန် | ဝင်ငွေခွန် | |
| ၁ | MIC ခွင့်ပြုချက်ဖြင့် ကုမ္ပဏီများသို့ ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၂၅၀ | ၁၂၅.၄၁၄ | ၄.၄၀၉ | ၆.၄၉၆ | - | ၁၀.၉၀၅ |
| ၂ | ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများသို့ ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၄၅ | ၂၀၉.၁၄၁ | ၁.၃၇၂ | ၀.၄၂၇ | - | ၁.၇၉၉ |
| ၃ | ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ ကင်းလွတ်ခွင့်ပြုသည့် တန်ဖိုး | ၃ | ၀.၉၅၇ | ၀.၀၂၉ | ၀.၀၀၆ | - | ၀.၀၃၅ |
| ၄ | NGO ၊ INGO အသင်းအဖွဲ့များသို့ လှူဒါန်းမှုအတွက် ကင်းလွတ်ခွင့်ပြုသည့်တန်ဖိုး | ၁၆ | ၁၃.၅၈၄ | ၀.၄၇၈ | ၀.၀၃၇ | - | ၀.၅၁၅ |
| ၅ | ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများသို့ သက်သေခံလက်မှတ်ထုတ်ပေးသည့် တန်ဖိုး | ၁၄၃ | ၁၂၅၁.၂၈၁ | - | - | ၂၇.၄၆၈ | ၂၇.၄၆၈ |
| ၆ | မြန်မာအထူးစီးပွားရေးဇုန် (သီလဝါ) သို့ ကင်းလွတ်ခွင့်ပြုသည့် တန်ဖိုး | ၉၈၁ | ၁၃၆.၅၁၇ | ၆.၈၂၄ | ၈.၈၇၈ | - | ၁၅.၇၀၂ |
| | **စုစုပေါင်း** | **၁၄၃၈** | **၁၇၃၆.၈၉၄** | **၁၃.၁၁၂** | **၁၅.၈၄၄** | **၂၇.၄၆၈** | **၅၆.၄၂၄** |

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတို့နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းများ၊ အသင်းအဖွဲ့များအား တည်ဆဲဥပဒေများအရ အခွန်ကင်းလွတ်ခွင့်ပြုနိုင်သည့်ကိစ္စများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်အကောက်များကိုလည်း အပြည့်အဝရရှိစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇွန် ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ နယ်စပ်သာသနာပြုပါရမီကျောင်းတိုက်နှင့် ဟိုပန်မြို့နယ်ရှိ ရဋ္ဌပါလမဟာဗောဓိကျောင်းတိုက်တို့သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိတ္ထီလာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# အမ်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**အမ်း ဇွန် ၃၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့နံနက်ပိုင်းက အမ်းမြို့နယ် အေးရိပ်သာဘုန်းတော်ကြီးကျောင်းတိုက်ဝင်း၌ ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို အမ်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဒေသအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရေး၊ ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေး၊ ပြည်သူများ သစ်တောသစ်ပင်များကို ပိုမိုချစ်ခင်တန်ဖိုးထားတတ်လာစေရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရေးရည်ရွယ်၍ သက်တမ်းရင့်အမြင့် နှစ်ပေအထက် သစ်ပိတောက်ပင် ၃၀၀ ၊ ပျဉ်းကတိုးပင် ၁၀၀ ၊ မဟော်ဂနီပင် ၁၀၀၊ မန်ဂျန်ရှားပင် ၅၀ စုစုပေါင်း အပင် ၅၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငွေအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တက်ရောက်လာကြသူများက သတ်မှတ်သည့်နေရာများတွင် တစ်ပြိုင်နက် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



❍ *ကျောဖုံးမှ*

ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး အတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး လုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများ သည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသ အချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ် များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ် အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စု များနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက် ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ် အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေး အတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်း များ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ် သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝ တွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

◆ *ကျောဖုံးမှ*

စည်းမျဉ်းစည်းကမ်းများအနက် အောက်ပါအခြေအနေများတွင်သာ ပါးစပ်နှင့်နှာခေါင်းစည်းအား မဖြစ်မနေတပ်ဆင်ရန် လိုအပ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊

( ခ ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ်စသည့် ယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာအသုံးပြုသော ဆေးရုံ/ ကျန်းမာရေးဌာနများ၊ ရုံးများ၊ ကျောင်းများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူထူထပ်သော နေရာများ၌ လူအများနှင့် အတူရှိနေခြင်း၊

( ဂ ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက် မအီမသာဖြစ်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**
၁၀-၆-၂၀၂၂



## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စေတနာရှင် အလှူရှင်များက ကျေးရွာစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ပွဲသို့ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈) ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွှန့်ဆွေက နှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် ရှင်သန်အောင်မြင်နေသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၆၀၀၀ ကျော် စာရင်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် စာအုပ်များ နှစ်စဉ်ဝယ်ယူပြီး ထောက်ပံ့ပေးသကဲ့သို့ ယခုအလှူရှင်များ လှူဒါန်းသည့်စာအုပ်များကိုလည်း စာကြည့်တိုက်များသို့ ပေးပို့ခဲ့ကြောင်း၊ ယခုကဲ့သို့ အလှူရှင်များက စာအုပ်များလှူဒါန်းသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ယခုစာအုပ်များကို တိုင်းဒေသကြီး၊ ပြည်နယ်ဖောင်ဒေးရှင်းများမှတစ်ဆင့် ကျေးရွာ၊ ရပ်ကွက်စာကြည့်တိုက်များသို့ ပေးပို့သွားမည်ဖြစ်ကြောင်း၊ အလှူရှင်များ တိုးပွားလာရေးအတွက် စည်းရုံးဆောင်ရွက်ပေးရန် မေတ္တာရပ်ခံကြောင်း ပြောကြားသည်။

စာအုပ်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို အလှူရှင်များကိုယ်စား မောင်ရင့်ကျူး (မြောင်းမြ)က ရှင်းလင်းပြောကြားပြီး စာအုပ်များ လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွှန့်ဆွေက လက်ခံရယူ၍ မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကာ (အပေါ်ပုံ) ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ လှူဒါန်းရာတွင် ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီး သိုက်ထွန်း(ငြိမ်း)က လှူဒါန်းသည့် သပြေသားနှင့် မပွေကြမ်း အုပ် ၁၅၀ နှင့် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၄) သီဟတေဇ ညီအစ်ကိုများ လှူဒါန်းသည့် (၅၅)နှစ်ပြည့် မြရတုမဂ္ဂဇင်း အုပ် ၁၀၀ ကို ဦးစိုးမြင့် (စိုးမှူး) က လည်းကောင်း၊ ဘာသာရေးနှင့် သုတစာအုပ် ၃၀၃ အုပ်ကို မောင်ရင့်ကျူး (မြောင်းမြ) က လည်းကောင်း၊ ဦးမြတ်ဟိန်း (သူရိယစာပေတိုက်)က စာအုပ် ၁၀ မျိုး အုပ်ရေ ၂၆၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

စာအုပ် လှူဒါန်းပွဲအပြီးတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကိုဆက်လက်ကျင်းပပြီး ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## မဟာအောင်မြေမြို့နယ် ဂေါဝိန်ဆိပ်အနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**မန္တလေး ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မဟာအောင်မြေမြို့နယ် ဂေါဝိန်ဆိပ်အနီး ဧရာဝတီ မြစ်အတွင်းသို့ ဇွန် ၃၀ ရက်က ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသံချောင်း၊ မဟာအောင်မြေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် (၁) ဗိုလ်မှူး ဆွေလင်းအောင်၊ မဟာအောင်မြေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင် ငါးလုပ်ငန်းတာဝန်ခံနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ သရက်ကုန်း ငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းနှင့် ကူမဲ ငါးလုပ်ငန်းစခန်းများမှ တာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက် ကောင်ရေ ၂၇၅၀၀၀၊ ငါးခုံးမကြီးသားပေါက် ကောင်ရေ ၃၇၅၀၀၀၊ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၅၀၀၀၀၊ စုစုပေါင်း ၉၀၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝေါမြို့နယ်၌ လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီး၍ သမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**ဝေါ ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနက ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများအသုံးပြုခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လယ်ယာမြေများ ထယ်ရေး ထွန်ယက်ခြင်း လုပ်ငန်းအား အချိန်ကုန် လူပင်ပန်းသက်သာစွာဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ လက်ကိုင်းရှည် လက်တွန်းထွန်စက်ဖြင့် လူထိုင်စီး၍ သမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်လှကျေးရွာအုပ်စု ကျိုက်လှကျေးရွာ ကွင်းအမှတ်(၆၈၇) တောင်သူ ဒေါ်ရီစိန်၏ လယ်၌ ကျင်းပသည်။

ရှေးဦးစွာ ဝေါမြို့နယ် စက်မှုဦးစီးအရာရှိ ဦးဟန်ညီညီက လက်ကိုင်းရှည် လက်တွန်းထွန်စက်အကြောင်းနှင့် ကောက်စိုက်စက် အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ ဝန်ထမ်းများက လက်ကိုင်ရှည် လက်တွန်းထွန်စက် လူထိုင်စီး၍ သမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းတို့ကို လက်တွေ့သရုပ်ပြရာ ပဲခူးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုကြသည်။ **စိုးမိုး(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၃၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေဦးမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၁ ဒသမ ၈၉ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ပျဉ်းမနား(ဝဲကြီး) တွင် ၁ ဒသမ ၄၂ လက်မ၊ နွားထိုးကြီးမြို့တွင် ၁ ဒသမ ၄၀ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၂၅ လက်မ၊ မင်းပြားမြို့တွင် ၁ ဒသမ ၂၄ လက်မနှင့် မချမ်းဘောမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၀၇ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# (၁၀) ကြိမ်မြောက် စိန့်ပီတာဇဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

(၁၀) ကြိမ်မြောက် စိန့်ပီတာဇဘတ် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ် (10th St. Petersburg International Legal Forum) ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့တွင် ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီး H.E.Mr. Konstantin Chuy–Chenko ၏ ဖိတ်ကြားချက်အရ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (10th St. Petersburg International Legal Forum) သို့ နိုင်ငံတကာမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများ၊ တရားရေးဝန်ကြီးများ၊ ရှေ့နေချုပ်များ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ဥပဒေပါမောက္ခများ၊ အပြည်ပြည်ဆိုင်ရာရှေ့နေများ၊ တရားရေးနှင့် ဥပဒေရေးရာဌာနများမှ ကိုယ်စားလှယ်များ ၉၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ် (10th St. Petersburg International Legal Forum) ၏ အဓိကခေါင်းစဉ်မှာ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြစ်သည်။

### ပါဝင်ဆွေးနွေး

ထို့အပြင် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ်တွင် "နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် တရားမျှတရေးဆိုင်ရာဝန်ဆောင်မှု" (State Justice in the Service of a Human) ခေါင်းစဉ်ဖြင့် ဥပဒေစကားဝိုင်းဆွေးနွေးကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးအပါအဝင် အခြားသောနိုင်ငံများမှ တရားရေးဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက Panelist Speaker အဖြစ် ပါဝင်ဆွေးနွေးဟောပြောသည်။

ထိုသို့ ဆွေးနွေးရာတွင် ခေါင်းစဉ်မှာ "နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် တရားမျှတရေးဆိုင်ရာ ဝန်ဆောင်မှု" (State Justice in the Service of a Human) ဖြစ်၍ မိမိအမြင်ကို ဆွေးနွေးရလျှင် တရားမျှတရေးဆိုင်ရာ ဥပဒေဝန်ဆောင်မှုပေးခြင်းသည် အရေးကြီးပါကြောင်း၊ ဥပဒေအခွင့်အရေးရရှိရန်နှင့် ဥပဒေအရ အကာအကွယ်ရရှိရေးတို့ကို ဆောင်ရွက်ပေးရာတွင် အခြေခံမှုနှင့်ရည်ရွယ်ချက်မှာ နိုင်ငံအားလုံး အတူတူပင်ဖြစ်ကြောင်း၊ ဥပဒေစနစ်များ၊ နိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကျင့်သုံးသော တည်ဆဲဥပဒေများပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် အနည်းငယ်ကွဲပြားမှုရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အများပြည်သူအတွက် ဥပဒေဝန်ဆောင်မှု ပေးအပ်နိုင်ရေး၊ တရားမျှတမှုရရှိရေးနှင့် ဥပဒေအသိပညာပေးရေး (Legal Advocacy) ကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ဥပဒေအသိပညာပေးရာတွင် ဥပဒေအရာရှိများသာမက အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အလယ်အလတ်အရာရှိများ၊ ဆက်စပ်သက်ဆိုင်သူ (Stakeholders) များ အားလုံးကိုပါ ဥပဒေအသိပညာ ပြန့်ပွားစေရန် ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနတွင်သာမက မိမိကြီးကြပ်မှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများ၌ပါ ဥပဒေအသိပညာပေးရေးသင်တန်း (Legal Advocacy Training) များ ပေးလျက်ရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် ဥပဒေအသိပညာဗဟုသုတများ ရရှိသည့်အခါ အများပြည်သူတို့အား တရားမျှတမှုဆိုင်ရာ ဥပဒေအခွင့်အရေးများ ရရှိနိုင်ရန်နှင့် တရားမျှတမှု လက်လှမ်းမီရေးတို့အတွက် ကူညီဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ယင်းအချက်သည် ယခု အပြည်ပြည်ဆိုင်ရာဥပဒေရေးရာဖိုရမ်၏ အနှစ်သာရ သဘောတရားနှင့် ကိုက်ညီပါကြောင်း၊ ထို့အပြင်တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Rule of Law and Justice Coor–dinating Body) ကို ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားသူကြီးများ၊ ရှေ့နေများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ပြည်သူ့အတွက် တရားမျှတမှုရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူက ဥပဒေသတင်းအချက်အလက်ရရှိရေး၊ ဥပဒေများ၊ စီရင်ထုံးများ အစရှိသည်တို့ကို လွယ်လင့်တကူရယူနိုင်ရေးအတွက် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System– MLIS) ကို တည်ထောင်ထားကြောင်း၊ ၎င်းအချက်များသည် ပြည်သူကို ဥပဒေဝန်ဆောင်မှုပေးလျက်ရှိသည့်အပြင် ယခုဖိုရမ်မှ နိုင်ငံတကာ၏ ဆွေးနွေးချက်များအပေါ် မိမိအနေဖြင့် ဥပဒေဗဟုသုတများ တိုးပွားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများ တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးဟောပြောသည်။




### အပြန်အလှန်အမြင်ချင်းဖလှယ်

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတရားရေးဝန်ကြီး H.E.Mr. Konstantin ChuyChenko နှင့် နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များ ဆွေးနွေးသည့် အစည်းအဝေး ( Bilateral Meeting) သို့ ဆက်လက်တက်ရောက်ခဲ့ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးမှ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှုအတွက် နှစ်နိုင်ငံဝန်ကြီးဌာနအကြား ဥပဒေသုတေသနပြုမှုလုပ်ငန်းကိစ္စများ၊ ဥပဒေဗဟုသုတနှင့် အမြင်ချင်းဖလှယ်ခြင်းအတွက် ဆွေးနွေးပွဲများကျင်းပရန်တို့ ပါဝင်သော နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်မည့်ကိစ္စကို ကမ်းလှမ်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို များစွာကြိုဆိုပါကြောင်း၊ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### ဆက်လက်တက်ရောက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥပဒေဘောင်အတွင်းနေထိုင်ခြင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ဥပဒေများ ခေါင်းစဉ်ဖြင့်ဖိုရမ်၏ Plenary Session သို့ ဆက်လက်တက်ရောက်ခဲ့ရာ အဆိုပါ Plenary Session တွင် စီးပွားရေးဆိုင်ရာဥပဒေများနှင့် အရေးယူပိတ်ဆို့မှုများ၊ပြည်သူနှင့်ဥပဒေ၊နိုင်ငံတကာဆက်ဆံရေးဥပဒေ၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာဥပဒေများ ပြုပြင်ပြောင်းလဲခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် စည်းမျဉ်းစည်းကမ်းများ လိုက်နာအကောင်အထည်ဖော်ခြင်း၊ တရားမျှတမှုရရှိရေးနှင့် တရားစွဲဆိုခြင်း စသည့် ဥပဒေဘာသာရပ်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ထန်တလန်မြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇွန် ၃၀**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကိုဗစ်–၁၉ ရောဂါနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ အဖျက်အမှောင့် လုပ်ငန်းများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၆၅ ဦးအား အသွားအလာကန့်သတ်စောင့်ကြည့်ထား

**ကော့သောင်း ဇွန် ၃၀**

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၄၉ ဦးတို့အား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ ဇွန် ၂၉ ရက်က ရေလမ်းခရီးမှ လာရောက်လွှဲပြောင်းပေးခဲ့သည်။

ပြန်လည်ဝင်ရောက်လာသူများတွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုသံသယရှိသူများ ပါဝင်လာခြင်းရှိ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်းရှိမရှိ၊ မူးယစ်ဆေးဝါးသယ်ဆောင်လာခြင်းရှိမရှိ စသည်တို့ကို ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများမှ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူများကို နေရပ်အသီးသီးသို့ ချက်ချင်းပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအတွက် လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း doses အား အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ထံသို့ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း doses အား အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ထံ ပေးအပ်လှူဒါန်းသော အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနေအိမ်တွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း doses ပေးအပ်လှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဆီယံအဖွဲ့၏ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. Ekkaphab Phanthavong က အာဆီယံနိုင်ငံများအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် လက်ရှိအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။




ယင်းနောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အာဆီယံအဖွဲ့၏ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် H.E. Mr. Ekkaphab Phanthavong နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn ထံသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်သန်း doses အား ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပေးအပ်လှူဒါန်းပွဲသို့ အာဆီယံအဖွဲ့၏ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Ekkaphab Phanthavong ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ် H.E. Mr. CHHOUK Bunna၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်များနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပနိုင်ငံများမှ သံအမတ်နှင့် ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂအထူးပြု အေဂျင်စီ MRCS ၊ WFP ၊ WHOနှင့်UNDPမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ၂၀၂၂ ခုနှစ် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၃၀**

၂၀၂၂ ခုနှစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) ရုံးအဆောက်အအုံ၏ အရှေ့ဘက် သရက်ခြံအနီး၌ ယနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို **(ဝဲပုံ)**၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်းပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ကျွန်းပင် ၃၀၀ စိုက်ပျိုးခဲ့ပြီး ယခင်နှစ်များက စိုက်ပျိုးခဲ့သည့် ကျွန်းပင် ၁၈၀၀ ၊ ရတနာတန်းဝင် အရိပ်ရလေကာပင်များနှင့် စိန်တစ်လုံးသရက်ပင် ၂၄၅၀ တို့သည်လည်း ရှင်သန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း တောင်ပေါ်ဒေသမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် အောင်စည်လာကျေးရွာ အမှတ်(၁၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က တောင်ပေါ်ဒေသများမှ ဒေသခံပြည်သူများနှင့် တာဝန်ထမ်းဆောင်နေ ကြသည့် ဆရာ ဆရာမများ၏ အခက်အခဲများကို နားလည်ကိုယ်ချင်းစာပါကြောင်း၊ နေပြည်တော် ကောင်စီအနေဖြင့် တောင်ပေါ်ဒေသ၏ အခက်အခဲများကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပြီး တောင်ပေါ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က တောင်ပေါ်ဒေသ ကျေးရွာများ၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စီမံဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ က တောင်ပေါ်ဒေသမှ ဒေသခံပြည်သူများအတွက် ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် တောင်ပေါ်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်ရင်း၊ တပ်ဖွဲ့ဝင်များအတွက် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။



ထို့နောက် ဒေသခံပြည်သူများက ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ ရရှိရေးနှင့် တယ်လီဖုန်းလိုင်းများ ကောင်းမွန်စေရေးတို့အတွက် တင်ပြကြရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က တင်ပြချက်များနှင့်ပတ်သက်၍ ရေတို၊ ရေရှည် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို စိစစ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ယင်းနောက်တောင်ပေါ်ဒေသမှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအတွက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တောင်ဖီလာ ဘုန်းတော်ကြီး ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည့် ဆရာတော်များအား သွားရောက်၍ ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် မက်စ်ဘိလပ်မြေစက်ရုံသို့ သွားရောက်၍ စက်ရုံလည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံက စက်ရုံလည်ပတ်နေမှုကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အောင်ချမ်းသာကျေးရွာအနီး လမ်းပိုင်းနှင့် တောင်စဉ်အေးစစ်ဆေးရေးဂိတ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝါးအသက်မွေးဝမ်းကျောင်းပညာသင်တန်းဖွင့်ပွဲနှင့် ဝါးကုန်ထုတ်ပစ္စည်းပြပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၃၀

**ဇူလိုင် ၂ ရက်တွင် ကျရောက်မည့် နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘမ်ဘူး ဝါးကုန်ထုတ်သမဝါယမအသင်းလီမိတက်၏ ဝါးအသက်မွေးဝမ်းကျောင်းပညာသင်တန်းဖွင့်ပွဲနှင့် ဝါးကုန်ထုတ်ပစ္စည်းပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ဝန်ပြန်ကျေးရွာ၌ ကျင်းပသည်။**

အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နေပြည်တော်သည် ဝါးပေါများသော ဒေသဖြစ်ပြီး ဝါးကို အကျိုးရှိရှိ အသုံးချတတ်ရန် လိုအပ်ကြောင်း၊ သစ်ပင်သစ်တောများ မပြုန်းတီးစေရေးအတွက် ဝါးကို အစားထိုးသုံးစွဲမည်ဆိုပါက ဒေသနှင့် ဂေဟစနစ် မပျက်ယွင်းစေရေးကို များစွာအထောက်အကူပြုကြောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေသည်အထိ ဆောင်ရွက်နိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ ဝင်ငွေတိုးပွားပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်သည်အထိ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာ ဆက်လက်သင်ကြားနိုင်ခြင်းမရှိသော အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများကို သမဝါယမသင်တန်းကျောင်းများတွင် စာရင်းရေး၊ စာရင်းကိုင်နှင့် အသက်မွေးဝမ်းကျောင်းပညာများကို နေရေး၊ စားရေး တာဝန်ယူကာ အခမဲ့သင်ကြားပေးနေကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း မိမိတို့ တတ်ကျွမ်းထားသည့်ပညာနှင့် မိမိတို့၏ မိသားစုဝင်ငွေတိုးပွားရေး ဆောင်ရွက်နိုင်ခြင်း၊ မိမိတို့မြို့ရွာ ပြန်ရောက်သည့်အခါ ဒေသခံများကို ဝါးပညာပြန့်ပွားရေး ထပ်ဆင့်သင်ကြားပေးခြင်း၊ ဝါးတောများ မပြုန်းတီးစေရေး စနစ်တကျ ခုတ်ယူသုံးစွဲနိုင်အောင် အသိပညာဖြန့်ဝေ ဆွေးနွေးဟောပြောခြင်းတို့ကို လက်လှမ်းမီသလောက် ဆောင်ရွက်သွားကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ဘမ်ဘူး ဝါးကုန်ထုတ်သမဝါယမအသင်းလီမိတက်၏ အသင်းဥက္ကဋ္ဌက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်၊ ရည်ရွယ်ချက်၊ ဆောင်ရွက်နေဆဲလုပ်ငန်းအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ သင်တန်းသားတစ်ဦးက ဝါးဖြင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းမှ သင်ကြားပေးသောပညာများကို သင်တန်း၏ “တတ်အောင်သင်၊ ဖြစ်အောင်လုပ်၊ ဈေးကွက်အတူရှာကြစို့” ဆောင်ပုဒ်အသစ်အတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။ ယခုသင်တန်းကို ဒေသစုံမှ သင်တန်းသား/သင်တန်းသူ ၃၀ ဖြင့် သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘမ်ဘူး ဝါးကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ ဝါးဖြင့်ပြုလုပ်ထားသော ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြပြီး **(အပေါ်ပုံ)** သင်တန်းသားသင်တန်းသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချောက်/လမ်းရှာရေနံမြေ CDT-15 တွင်းသစ် စတင်တူးဖော်၊ အောင်မြင်စွာတူးဖော်ပြီးစီးပါက တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၅ သန်းခန့် ထုတ်လုပ်နိုင်မည်

**နေပြည်တော် ဇွန် ၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ချောက်/လမ်းရှာရေနံမြေ ဖိုကုန်းဒေသတွင် ZJ 70L SR 1 တွင်းတူးစက်ဖြင့် တူးဖော်မည့် ပေနက်တွင်းအမှတ် CDT–15 တွင်းသစ် စတင်တူးဖော်ခြင်း အခမ်းအနားသို့ တက်ရောက်စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တွင်းသစ်စတင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ရေနံမြေယာယီရှင်းလင်းဆောင်၌ ချောက်/လမ်းရှာရေနံမြေ အထွေထွေမန်နေဂျာက ချောက်/လမ်းရှာရေနံမြေ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်သည် မရှိမဖြစ်လိုအပ်သဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကိုလည်း အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ကြိုတင်စီမံထားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ လုံခြုံရေးကို အထူးအလေးထားဂရုပြုကြရန် လိုအပ်ကြောင်း၊ တွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ကြရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုပါကြောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ထားရန် လိုကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် CSR လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် လိုပါကြောင်းနှင့် ရေနံမြေလုံခြုံရေးကို အထူးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် မိမိလုပ်ငန်းအပေါ် သစ္စာရှိစွာဖြင့် ရိုးရိုးသားသား တာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း မှာကြားပြီး ရေနံမြေဝန်ထမ်းများကို အမှတ်တရသစ်သီးခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချောက်/လမ်းရှာရေနံမြေရှိ ZJ 750 စက်ဖြင့် တူးဖော်လျက်ရှိသော တွင်းအမှတ် CHK–1236 ၏ လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြား၍ အမှတ်တရသစ်သီးခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

တွင်းအမှတ် CDT–15 ကို စွမ်းအင်ဝန်ကြီးဌာနပိုင် ZJ 70L SR 1 တွင်းတူးစက်ဖြင့် ရည်မှန်းအနက်ပေ ၇၈၀၀ အထိ တူးဖော်သွားမည်ဖြစ်ပြီး အောင်မြင်စွာတူးဖော်ပြီးစီးပါက တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ ဒသမ ၅ သန်းခန့်ကို လည်းကောင်း၊ တွင်းအမှတ် CHK–1236 ကို ZJ 750 တွင်းတူးစက်ဖြင့် ရည်မှန်းအနက်ပေ ၄၁၀၀ အထိ တူးဖော်သွားမည်ဖြစ်ပြီး အောင်မြင်စွာတူးဖော်ပြီးစီးပါက တစ်နေ့လျှင် ရေနံစိမ်းစည် ၉၀ ခန့်ကိုလည်းကောင်း ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီးနှံမျိုးစေ့ထုတ်ခြင်းနှင့် စိုက်ပျိုးရေးနည်းလမ်းများ သင်တန်းဖွင့်




**ကလေး ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် စပါး၊ နေကြာမျိုးစေ့ထုတ်ခြင်း၊ ပိုးမွှားရောဂါ ကာကွယ်ခြင်း၊ စိုက်ပျိုးမြေ ပြုပြင်သုံးစွဲခြင်းနှင့် သီးနှံများအလိုက် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်က အမှာစကား ပြောကြားပြီး ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မာန်အွေနှင့် ခရိုင်သီးနှံစိုက်ပျိုးရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ခင်အေးအေးတို့က တောင်သူများကို မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်စေရန် စပါးနှင့် နေကြာမျိုးစေ့ထုတ်လုပ်နည်းများ၊ စိုက်ပျိုးမြေ ပြုပြင်သုံးစွဲနည်းများ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း၊ သဘာဝပိုးသတ်ဆေးရည် ပြုလုပ်သုံးစွဲနည်းများနှင့် ရရှိလာမည့် ကောင်းကျိုးများကို ဆွေးနွေးပို့ချကြသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ နှောညောင်ပင် SMU ကျေးရွာမှ သင်တန်းသား သင်တန်းသူ ၃၀ တို့ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများကို စိုက်ပျိုးရေးဗဟုသုတများ တိုးပွားစေရန်အတွက် ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် လက်တွေ့ကွင်းဆင်း ပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ကျော်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုဆောင်းပါး

# အတိတ်က သမဝါယမ၊ ယနေ့ သမဝါယမနှင့် သမ / ကျေးလက် ဝန်ကြီးဌာန

မြင့်စိုး(နတလ)



သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ကို တွေ့ရစဉ်။

**ကျွန်တော်နှင့် လလသသ**

ငယ်ငယ်တုန်းက "လလသသ" လို့ခေါ်တဲ့ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းဆိုင်မှာ စာအုပ်သွားထပ်ရတာ အမှတ်ရမိပါတယ်။ ထရံကာ၊ သွပ်မိုး၊ သုံးပင်နှစ်ခန်းဆိုင်လေးမှာ ဘကြီးအုန်းရွှေက ဆိုင်တာဝန်ခံ၊ ကဲလားတံခါးလေးနားမှာ သူထိုင်တယ်။ စာအုပ်တွေကို သူ့ရှေ့က စားပွဲပေါ်မှာ ထပ်ရတယ်။ ပျင်းရင် ဝါးကြမ်းခင်းထားတဲ့ သူတို့ဆိုင်ထဲကို ဝင်ကြည့်တဲ့အခါ ကြည့်ပေါ့။ ပစ္စည်းတွေထားတဲ့ အခန်းလေးထဲမှာ ဆားအိတ်တွေ၊ သကြားအိတ်တွေကြောင့် အစိုပျံနေတတ်ပါတယ်။ သမဆိုင်ကနေ နို့ဆီ၊ သကြား၊ ရွှေဝါဆပ်ပြာ၊ ဆီ၊ ရေနံဆီတွေ ရတတ်တာ မှတ်မိနေသေးတော့။ လူတိုင်းမရနိုင်တဲ့ လက်နှိပ်မီး၊ ခါတ်ခဲ၊ ၂/၆၄ ချည်နဲ့ ရက်ထားတဲ့ လုံချည်လို ပစ္စည်းမျိုးတွေ၊ ဓာတ်ဘူးလိုပစ္စည်းတွေ ပါလာရင်တော့ မဲနှိုက်ရတာ ပျော်စရာကောင်းပါတယ်။ အချိန်ကာလကို ပြောပါဆိုရင်တော့ ၁၉၆၇-၁၉၆၈ ကျွန်တော် ၃ တန်း၊ ၄ တန်း အရွယ်ပါပဲ။ ပပကဆိုတဲ့ ပြည်သူ့ပစ္စည်း ကော်ပိုရေးရှင်းခေတ်ကိုတော့ ကျွန်တော် သေချာမမီလိုက်ပါ။ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ ကလေးဘဝမှာ ဆိုရှယ်လစ်စနစ်နဲ့ ပန်းတိုင်ကို ချီတက်နေတယ်ဆိုတဲ့ စကားသံတွေ ကြားခဲ့ရသလို ဆိုရှယ်လစ်စနစ်ကို ဆန့်ကျင်တဲ့ ဗကပနဲ့ တိုက်ပွဲဖြစ်သံတွေကိုလည်း ကြားခဲ့ရဖူးတယ်။ ဒါတင်ဘယ်ကမလဲ ရွာထဲဝင်ပစ်ရင်း သမဆိုင်ဘေးနားက ထွန်စက်ကြီး နှစ်စီးကို မီးတင်ရှို့သွားပါရောလား။ မနက်မိုးလင်း ပြေးကြည့်ကြတော့ နောက်ဘီးကြီးတွေတောင် ပြားလို့။ သြော် ငယ်စဉ်တောင်ကျေး ကလေးဘဝ၊ တော်လှန်ရေးကောင်စီခေတ်၊ ဆိုရှယ်လစ်စနစ်နဲ့ သမဝါယမကဏ္ဍပုံရိပ်လေးတွေ အခုထိ မြင်ယောင်မိပါသေးတယ်။

ဆိုလိုရင်းကတော့ တော်လှန်ရေးကောင်စီ၊ လမ်းစဉ်ပါတီခေတ်တွေကို ဖြတ်သန်းခဲ့တဲ့ ငယ်ဘဝတစ်လျှောက်လုံးမှာ သမဝါယမဆိုတာကို နားရည်ဝခဲ့ပါတယ်။ သို့သော် သမဝါယမစနစ်က သူ့ဟာသူနေ၊ ကျွန်တော်ကလည်း ကိုယ့်ဟာကိုယ်နေမို့ ထဲထဲဝင်ဝင် မသိခဲ့တာ အမှန်ပါ။

**ကမ္ဘာပေါ်က သမဝါယမ**

လေ့လာမိသလောက်တော့ သမဝါယမအစ ဥရောပလို့ ပြောရမှာပါပဲ။ ၁၉ ရာစု ရောက်ကာနီး ခရစ်နှစ် ၁၈၀၀ ကျော်မှာ သမဝါယမစနစ် ပေါ်ပေါက်နေပါပြီ။ အိမ်ထောင်စုတစ်ခုချင်း စီးပွားရေးစနစ်ကနေ ကုန်သွယ်မှုစီးပွားရေးစနစ်ကို ပြောင်းလဲလာတာ၊ စက်မှုတော်လှန်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ အရင်းရှင်စနစ်ကို ယှဉ်ပြိုင်နိုင်ဖို့ လိုအပ်လာတာတွေဟာ သမဝါယမစနစ် ပေါ်ထွန်းလာစေတဲ့ အခြေခံအကြောင်းရင်းတွေပါပဲ။ ဗြိတိန်နိုင်ငံသားချားလ်ဝပ်သ်က ဦးဆောင်ပြီး ရော့ခ်ဒေးလ် (Rochdale) ကုန်စုံဆိုင်သမဝါယမအသင်းကို ၁၈၄၄ ခုနှစ်မှာ တည်ထောင်ခဲ့ပါတယ်။ ရော့ခ်ဒေးလ်ဟာ ကမ္ဘာပေါ်မှာ ပထမဆုံးပေါ်ပေါက်လာတဲ့ သမဝါယမအသင်းပါ။ ခိုင်မာတဲ့ မူ (၈) ချက်ကိုလည်း ချမှတ်နိုင်ခဲ့ပါတယ်။ ရော့ခ်ဒေးလ်ကို ဖွဲ့စည်းပြီးနောက်ပိုင်း နှစ်ပေါင်း ၅၀ အတွင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ သမဝါယမအသင်း အမျိုးအစားများစွာကို ပေါ်ထွက်လာစေခဲ့ပါပြီ။ ထိုမှတစ်ခါ ၁၈၉၅ ခုနှစ်မှာ "အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်"ကို လန်ဒန်မြို့မှာ ဖွဲ့စည်းခဲ့ကြပါတယ်။ နည်းဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ရာမှာ "အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်သည် သမဝါယမလုပ်ငန်းကို အတွေးအခေါ် အမျိုးမျိုးကွဲပြားလျက်ရှိကြသည့် ပုဂ္ဂိုလ်များ၊ အယူဝါဒ အဖုံဖုံရှိကြသည့် ပုဂ္ဂိုလ်များ တွေ့ဆုံကြပြီးလျှင် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်နိုင်ကြသည့် ဘက်မလိုက်ဒေသ" လို့ ထည့်သွင်းဖော်ပြထားကြောင်း သိရှိရပါတယ်။

ဒီအချိန်ကတည်းက ကမ္ဘာ့နိုင်ငံအသီးသီးဟာ စနစ်အမျိုးမျိုး ကျင့်သုံးပြီး အယူအဆ အမျိုးမျိုး ကွဲပြားခြားနားနေကြပေမယ့် သမဝါယမလုပ်ငန်း အမျိုးမျိုးကို ဖော်ဆောင်လုပ်ကိုင်နေကြပါပြီ။ သမဝါယမလုပ်ငန်း အမျိုးအစားတွေ ဘယ်လိုပဲ များပြားနေပါစေ၊ စုစည်းလိုက်ရင်တော့ အခု ကျွန်တော်ဖော်ပြမည့်လုပ်ငန်း (၄) မျိုးကိုပဲ သွားတွေ့ရပါတယ်-

(က) စားသုံးသူသမဝါယမလုပ်ငန်း
(ခ) ငွေစုငွေချေးသမဝါယမလုပ်ငန်း
(ဂ) ကုန်ထုတ်သမဝါယမလုပ်ငန်း (လယ်ယာကုန်ထုတ်၊ စက်မှုကုန်ထုတ်)
(ဃ) ဝန်ဆောင်သမဝါယမလုပ်ငန်း

**သမဝါယမ၏ အဓိပ္ပာယ်**

အနောက်နိုင်ငံတွေမှာ စက်မှုတော်လှန်ရေးက ပေါက်ဖွားလာတဲ့ အရင်းရှင်စနစ်ကို တုံ့ပြန်ဖို့ရာ ကြံဆလုပ်ကိုင်ကြရင်း Co-operation ဆိုတဲ့ စကားလုံးက ခေတ်စားလာပါတယ်။ အတူတကွ ပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ စီးပွားရေး ကျပ်တည်းမှု ပြဿနာကို ဖြေရှင်းရန် လူအများ စုပေါင်း၍ အသင်းများဖွဲ့စည်းလုပ်ကိုင်သည့် နည်းစနစ်ရယ်လို့ လူသိများ ထင်ရှားခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ဆီက မြန်မာမှုပြုလိုက်တဲ့အခါ ရှင်းလင်းလွယ်ကူစွာ သိနိုင်မြင်နိုင်ပြောဆိုနိုင်တဲ့၊ အဓိပ္ပာယ်လည်း အလွန်ပြည့်ဝတဲ့ စကားစုလေး ထွက်ပေါ်လာခဲ့ပါတယ်။ သမဝါယမ...တဲ့။ သမဆိုတဲ့ ပါဠိစကားလုံးက မျှမျှတတ၊ ညီတူညီမျှဆိုတာကို ဖော်ပြတယ်။ ဝါယာမဆိုတဲ့ ပါဠိစကားလုံးကလည်း လုံ့လပြုသည်၊ ကြိုးပမ်းသည်၊ အားထုတ်သည်ဆိုတဲ့ သဘော။ ဒီစကားလုံးလေးတွေ ပေါင်းလိုက်တော့ သမဝါယမ(သမဝါယာမ)ဆိုတဲ့ ပါဠိစကားပျက်ကို ရပြီး "အများနှင့်ညီတူညီမျှ တက်ညီလက်ညီ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း"လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ သာတူညီမျှစနစ်၊ ဝိုင်းလုပ်ဝိုင်းစားစနစ်၊ အေးအတူပူအမျှ အကျိုးခံစားခွင့်ရတဲ့စနစ်လို့ ပြောလို့လည်း ရပါတယ်။ ထိုစဉ်က မြန်မာနိုင်ငံရဲ့ ခေတ်စနစ် အခြေအနေနဲ့လည်း ကိုက်ညီနေတယ်လေ။ ဒီသမဝါယမဆိုတဲ့ စကားလုံးလေးတွေ မြန်မာနိုင်ငံကို ဘယ်ပုံရောက်ရှိလာသလဲဆိုတာ ဆက်ပြီး လေ့လာကြည့်ကြပါစို့။

**မြန်မာနိုင်ငံနှင့် သမဝါယမစနစ်**

သူ့ကျွန်ဘဝကို ရောက်ခဲ့တဲ့ ကိုလိုနီလက်အောက်ခံ နိုင်ငံချင်းအတူတူ အိန္ဒိယက သမဝါယမလုပ်ငန်းတွေကို စောပြီးစနိုင်ခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ သမဝါယမဌာနက သမဝါယမအသင်းတွေကို ၁၉၀၅ ခုနှစ်မှာ စတင်ဖွဲ့စည်းလုပ်ကိုင်ကြောင်း သိရပါတယ်။ သမဝါယမရဲ့ အဓိပ္ပာယ်ကို ပီပီပြင်ပြင်မဖော်ဆောင်နိုင်သေးသလို တိကျခိုင်မာတဲ့ မူဝါဒ၊ အခြေခံသဘောတရားများလည်း မရှိသေးပါဘူး။ ၁၉၁၃-၁၉၁၄ ခုနှစ်လောက် ရောက်လာတဲ့အခါ အသင်းသားများ နှုတ်တက်ရွရွအာဂုံဆောင်ရွတ်ဖတ်ရတဲ့ မှတ်သားလိုက်နာရန် အချက်ကြီး (၁၀) ချက် ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီလိုနေလာကြရင်း ၁၉၁၅ ခုနှစ်မှာတော့ အိန္ဒိယဗဟိုအစိုးရက ခန့်အပ်ထားတဲ့ "မက်ခ်လဂင်" အမည်ရ သမဝါယမလုပ်ငန်းစုံစမ်းရေး ကော်မတီတစ်ရပ် ပေါ်ပေါက်လာပါတယ်။ သူက အိန္ဒိယနိုင်ငံအဝန်းမှာရှိနေတဲ့ သမဝါယမလုပ်ငန်းတွေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အကြံပြုချက်တွေ ထုတ်ပြန်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံကိုလည်း လာရောက်စစ်ဆေး အကြံပြုပေးခဲ့တယ်။ ဒီအကြံပြုချက်တွေအရပဲ ၁၉၁၈-၁၉၁၉ ခုနှစ်လောက်မှာ သမဝါယမအရာရှိများ၊ စာရင်းစစ်များအတွက် သမဝါယမ မင်းကြီးရုံးမှာ သင်တန်းတွေ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရပါတယ်။ ၁၉၁၈ ဆိုတာ ပထမ ကမ္ဘာစစ်ပြီးကာလလို့ ပြောရမှာပါ။ ပထမကမ္ဘာစစ်ဟာ မြန်မာနိုင်ငံကို ဒုက္ခမပေးသေးဘူး။ သမဝါယမမင်းကြီးဆိုတာကိုတော့ စပြီး ကြားနေရပြီ။ ၁၉၂၀ ပြည့်နှစ်မှာတော့ မြန်မာ့သမဝါယမလုပ်ငန်းတွေအတွက် လိုအပ်တာတွေ ပြုပြင်လုပ်ဆောင်နိုင်အောင် ကားလ်ဗက်ကော်မတီကို ဖွဲ့စည်းခဲ့ကြပါတယ်။ ၁၉၂၀-၁၉၂၁ မှာ ဟိတသမဝါယမဂျာနယ် ထွက်ရှိတာရယ်၊ ၁၉၂၅ ခုနှစ်မှာ ရပ်ဆိုင်းသွားတာရယ်ကိုလည်း လေ့လာမှတ်သားခဲ့ရပါတယ်။

၁၉၃၅ ခုနှစ်ကာလတွေမှာ သမဝါယမမင်းကြီးတာဝန်ထမ်းဆောင်သူကတော့ ဦးတင်ကြီး ဖြစ်ပါတယ်။ ၁၉၃၈-၁၉၃၉ ခုနှစ်တွေမှာ သမဝါယမဉာဏ်သစ်လောင်းသင်တန်းတွေ ဖွင့်ပေးနိုင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကလည်း လာပါတော့မယ်။ ၁၉၄၁ ရောက်လာတဲ့အခါ မြန်မာနိုင်ငံကို စစ်မီးကူးပြီး သမဝါယမလုပ်ငန်းများ အားလုံးရပ်ဆိုင်းသွားခဲ့ကြောင်း သိရပါတယ်။ သမဝါယမလုပ်ငန်း စတင်ခဲ့တဲ့ ၁၉၀၅ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်ကြားကိုပြန်ကြည့်ရင် ကျေးရွာတွေမှာ အဓိကဖွဲ့စည်းခဲ့တဲ့ ငွေစုငွေချေးသမဝါယမအသင်းတွေ အများဆုံး ဖြစ်တယ်ဆိုတာရယ်၊ ဒီအသင်းတွေကို တောင်သူလယ်သမားတွေက အမတော်ကြေး ထုတ်ချေးသော အသင်းတွေအဖြစ် မှတ်ယူကြတယ်ဆိုတာကိုတော့ သတိပြုမိပါတယ်။ ဒီလိုနဲ့ ၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ပြည့်နှစ်မှာ နိုင်ငံတော်သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၅ ခုနှစ်မှာတော့ ပြည်ထောင်စုသမဝါယမကောင်စီကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း သမဝါယမပညာရပ်ဆိုင်ရာ၊ ဥပဒေလုပ်ထုံးလုပ်နည်းများဆိုင်ရာ၊ မူဝါဒပိုင်းဆိုင်ရာတွေမှာတော့ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့ အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ ကြိုးစားဆဲကာလလို့ပဲ ပြောရမှာပါ။ သို့သော်လည်းပဲ စီးပွားရေးတက္ကသိုလ်ရဲ့ ဘောဂဗေဒဝိဇ္ဇာဘွဲ့အတွက် သမဝါယမပညာဘာသာရပ်ကို အဓိကဘာသာရပ်တစ်ခုအနေနဲ့ ၁၉၇၀-၁၉၇၁ ပညာသင်နှစ်ကစပြီး သင်ကြားပို့ချပေးနေပါပြီ။

စာမျက်နှာ ၁၁ သို့

❐ ရော့ခ်ဒေးလ်ဟာ ကမ္ဘာပေါ်မှာ ပထမဆုံးပေါ်ပေါက်လာတဲ့ သမဝါယမအသင်းပါ။ ခိုင်မာတဲ့ မူ (၈) ချက်ကိုလည်း ချမှတ်နိုင်ခဲ့ပါတယ်။ ရော့ခ်ဒေးလ်ကို ဖွဲ့စည်းပြီးနောက်ပိုင်း နှစ်ပေါင်း ၅၀ အတွင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ သမဝါယမအသင်း အမျိုးအစားများစွာကို ပေါ်ထွက်လာစေခဲ့ပါပြီ။ ထိုမှတစ်ခါ ၁၈၉၅ ခုနှစ်မှာ "အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်"ကို လန်ဒန်မြို့မှာ ဖွဲ့စည်းခဲ့ကြပါတယ်။ နည်းဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ရာမှာ "အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်သည် သမဝါယမလုပ်ငန်းကို အတွေးအခေါ် အမျိုးမျိုးကွဲပြားလျက်ရှိကြသည့် ပုဂ္ဂိုလ်များ၊ အယူဝါဒ အဖုံဖုံရှိကြသည့် ပုဂ္ဂိုလ်များ တွေ့ဆုံကြပြီးလျှင် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်နိုင်ကြသည့် ဘက်မလိုက်ဒေသ" လို့ ထည့်သွင်းဖော်ပြထားကြောင်း

# ၂၀၂၂ ခုနှစ် ပညာသင်နှစ် ပဲခူးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ပဲခူး ဇွန် ၃၀**

ပဲခူးတက္ကသိုလ် ၂၀၂၂ ခုနှစ် ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂၉ ရက် ညနေပိုင်းက ပဲခူးတက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အားပေးသည်။




ဦးစွာ သတ္တဗေဒ အထူးပြု ဘာသာရပ်အသင်းနှင့် ရူပဗေဒ အထူးပြု ဘာသာရပ်အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ ရူပဗေဒအထူးဘာသာရပ် အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ရှေ့တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အကောင်းဆုံး ဂိုးသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမား ဆုတို့ကို အစိုးရအဖွဲ့ တာဝန်ရှိသူများက လည်းကောင်း၊ ဒုတိယဆုရရှိသွားသော သတ္တဗေဒအထူးပြု ဘာသာရပ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းအား တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက လည်းကောင်း၊ ပထမဆုရရှိသော ရူပဗေဒအထူးပြု ဘာသာရပ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ပွဲစဉ်တစ်လျှောက် ကူညီဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်များအတွက် ဂုဏ်ပြုလက်ဆောင်များကို ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်က လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပထမဆုရရှိသော ရူပဗေဒအထူးပြုဘာသာရပ်အသင်းကို ငွေသားဆုကျပ် ၁၀ သိန်းနှင့် တံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးခဲ့သည်။(**အပေါ်ပုံ**)

ပဲခူးတက္ကသိုလ် ၂၀၂၂ ခုနှစ် ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အုပ်စု(က)တွင် သတ္တဗေဒအထူးပြုဘာသာရပ်အသင်းနှင့်ဓာတုဗေဒ အထူးပြုဘာသာရပ်အသင်း၊ အုပ်စု(ခ)တွင် မြန်မာစာ အထူးပြုဘာသာရပ်အသင်းနှင့် သင်္ချာအထူးပြုဘာသာရပ်အသင်း၊ အုပ်စု(ဂ)တွင် ရုက္ခဗေဒ အထူးပြုဘာသာရပ်အသင်းနှင့် ရူပဗေဒအထူးပြုဘာသာရပ်အသင်း၊ အုပ်စု(ဃ)တွင် ဘူမိဗေဒအထူးပြု ဘာသာရပ်အသင်းနှင့် သမိုင်းအထူးပြုဘာသာရပ်အသင်း စုစုပေါင်း အသင်း ရှစ်သင်းကို အုပ်စုပတ်လည်စနစ်ဖြင့် ဇွန် ၂၃ ရက်မှ ဇွန် ၂၉ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားလူသစ်တန်းကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၃၀**

မြန်မာ့အားကစား မြင့်မားတိုးတက်လာစေရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့မှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားကို စိတ်ပါဝင်စားသည့် မျိုးဆက်သစ်လူငယ်များမှ နိုင်ငံ့လက်ရွေးစင်များ ပေါ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူသစ်တန်းကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်း MCCခန်းမ၌ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ လူသစ်တန်းပြိုင်ပွဲတွင် အမျိုးသားကာယဗလ ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၈၀နှင့် အထက် ကီလိုတန်း၊Men's Athletic Physique၊ Men's Sport Physique၊ Men's Fitness Physique ၊ အမျိုးသမီးကာယဗလ၊ Women's Athletic Physique ၁၆၀ စင်တီမီတာအောက်၊ အထက်၊ Women's Model Physique ၁၆၀ စင်တီမီတာအောက်၊ အထက်၊ Women's Fitness Physique တို့ ကျင်းပမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် အားကစားသမားများ ပါဝင်ပြိုင်ခွင့် မပြုကြောင်း သိရသည်။

ယင်းလူသစ်တန်းကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစား မောင်၊ မယ်များအနေဖြင့် ပြိုင်ပွဲယှဉ်ပြိုင်နိုင်ရန် စက်တင်ဘာ ၅ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်အတွင်းရေးမှူး ၀၉-၅၀၀၈၀၆၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**အာကာစိုး**




# ဧရာဝတီမြစ်ရေ ရွှေကူမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၃၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

**၁၉၇၀ သမဝါယမစီမံကိန်း**

ကျွန်တော်တို့ နိုင်ငံရဲ့ ပထမဆုံးရေးဆွဲချမှတ်ခဲ့တဲ့ စီမံကိန်းကတော့ သမဝါယမ မင်းကြီး ဦးတင်ကြီး ရေးဆွဲခဲ့တဲ့ ၁၉၃၅ ခုနှစ် ပြန်လည်ပြုပြင်ရေးစီမံကိန်း ဖြစ်ပါတယ်။ ထိုအချိန်က ကြုံတွေ့နေရသော ပြဿနာတွေကို ဖြေရှင်းဖို့ ရေးဆွဲခဲ့သော အရေးပေါ် စီမံကိန်းဟူ၍လည်း ခေါ်ဆိုနိုင်ပါတယ်။ ဆက်လက်ပြီး ၁၉၅၁ ခုနှစ်မှာ သမဝါယမ ငါးနှစ်စီမံကိန်းကို ရေးဆွဲနိုင်ခဲ့ကြပါတယ်။ ထိုမှတစ်ဖန် ၁၉၇၀ ပြည့်နှစ် မေလ ၂၈ ရက်နေ့မှာ သမဝါယမ ကောင်စီကိုဖွဲ့စည်းပြီး သမဝါယမစီမံကိန်းသစ်တစ်ခု ထပ်မံရေးဆွဲခဲ့ကြပါတယ်။ ဒီစီမံကိန်းအရ အခြေခံသမဝါယမအသင်းတွေ၊ မြို့နယ်သမဝါယမအသင်းတွေ၊ ဗဟိုသမဝါယမအသင်းကို ဖွဲ့စည်းခဲ့ကြပါတယ်။

**လမ်းစဉ်ပါတီခေတ် သမဝါယမ**

ကျွန်တော်တို့ အတူယှဉ်တွဲကြီးပြင်းလာတဲ့ ခေတ်လို့ပြောရင် မှားမယ်မထင်ပါဘူး။ လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုဆိုတဲ့ အသံတွေကို နေရာတိုင်းလိုလိုမှာ ကြားနေရတတ်ပါတယ်။ ဒီကဏ္ဍတွေရဲ့ တိုးချဲ့ထုတ်လုပ်နိုင်မှုကို မှီခိုပြီး လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်ကြဖို့၊ စက်မှုလက်မှုလုပ်ငန်းတွေ ထူထောင်ကြဖို့၊ သွင်းကုန်အစားထိုး ကုန်ပစ္စည်းတွေ ထုတ်လုပ်ကြဖို့၊ သတ္တုကုန်ကြမ်းတွေကို အသုံးပြုပြီး စက်မှုလုပ်ငန်းအကြီးစားတွေ တည်ထောင်ကြဖို့ ရည်မှန်းဆောင်ရွက်ခဲ့ကြတာကို တွေ့ရှိခဲ့ရပါတယ်။ နှစ်တိုနှစ်ရှည် စီမံကိန်းများ ချမှတ်ရာမှာလည်း သမဝါယမအသင်းတွေရဲ့ အားနည်းချက်တွေကို ပြုပြင်ဖို့အလို့ငှာ နှစ်ရှည်စီးပွားရေးမူဝါဒ ၁၁ ချက်ကိုလည်းကောင်း၊ လက်ငင်းကြုံတွေ့နေရသော ကုန်သွယ်ရေးပြဿနာတွေ ပြေလည်လာစေဖို့နဲ့ ပြည်သူပိုင်စီးပွားရေးလုပ်ငန်းတွေကို အထောက်အကူဖြစ်စေဖို့ နှစ်တိုသမဝါယမမူဝါဒ ၁၅ ချက်ကိုလည်းကောင်း ချမှတ်နိုင်ခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။

**ခေတ်စနစ်တွေ ပြောင်းခဲ့ပြီ**

ဖြတ်သန်းခဲ့တဲ့ အတိတ်ကာလတွေကို ပြန်ကြည့်လိုက်တဲ့အခါ အမှတ်ရစရာတွေက များပြားလှပါတယ်။ သင်ခန်းစာယူစရာတွေကလည်း တစ်ပုံတစ်ပင်။ ခေတ်စနစ်တွေ ပြောင်းခဲ့ပြီ။ သမဝါယမရဲ့ အခန်းကဏ္ဍမှာ အောင်မြင်မှုတွေ၊ ရှုံးနိမ့်မှုတွေကို ကြုံခဲ့ရသလို ကောင်းဆိုးနှစ်တန် အကျိုးရလဒ်ကိုလည်း လက်ခံခဲ့ကြပြီး ဖြစ်ပါတယ်။ ၁၉၅၁ ခုနှစ် ဧပြီ ၁ ရက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ် မတ် ၂၆ ရက်မှာတော့ ထောက်ပံ့ရေးနှင့် သမဝါယမ ဝန်ကြီးဌာနရယ်လို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ တစ်ခါ ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်ကစပြီး သမဝါယမဝန်ကြီးဌာနရယ်လို့ ဖြစ်လာခဲ့ပါတယ်။ ဒီကာလဟာ ကျွန်တော့်ဘဝနဲ့ယှဉ်ပြီး ဖြတ်သန်းခဲ့ရတဲ့ကာလမို့ သမဝါယမစနစ်ကို လေးစားချစ်ခင်ခဲ့တဲ့ ကာလလို့လည်း ပြောနိုင်ပါတယ်။ ဒီလိုဒီပုံ ချီတက်လာခဲ့တဲ့ သမဝါယမဝန်ကြီးဌာနကြီးဟာ ပထမ ဒီမိုကရေစီအစိုးရသက်တမ်းထိ ရှိနေပါသေးတယ်။ ဒုတိယ ဒီမိုကရေစီအစိုးရလက်ထက်မှာ သမဝါယမဝန်ကြီးဌာန ပျောက်ကွယ်သွားခဲ့ပါတယ်။ သမဝါယမဦးစီးဌာနကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ကို ရောက်သွားပါတယ်။ ၂၀၂၁ ခုနှစ်အထိလို့ ဆိုကြပါစို့။

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြန်လည်ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပါတယ်။ ဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်ကတော့ သမဝါယမကဏ္ဍနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ စနစ်တကျ ထွန်းကားစေပြီး ကျေးလက် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့ပဲ ဖြစ်ပါတယ်။ သမဝါယမကဏ္ဍနဲ့ ပတ်သက်တဲ့ မူဝါဒ၊ လုပ်ငန်းစဉ်တွေကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံတော်တစ်ဝန်းလုံးမှာ ဗဟိုသမဝါယမအသင်း၊ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုချုပ်၊ စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းစုချုပ်၊ ငွေကြေးသမဝါယမ အသင်းစုချုပ်၊ ဆောက်လုပ်ရေးအသင်းစုချုပ်၊ ဂျီအီးစီ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုချုပ်၊ ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းစုချုပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်းစုချုပ်တွေ အပါအဝင် စုစုပေါင်းအသင်းစုချုပ် ၂၂ ခု၊ သမဝါယမအသင်းစု ၄၅၀၊ အခြေခံသမဝါယမအသင်း ပေါင်း ၃၈၄၉၄ သင်း၊ စုစုပေါင်း အသင်းသားဦးရေ၄၂၁၈၁၂၄ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

**အစဉ်အလာကောင်းများကို ထိန်းသိမ်းဆောင်ရွက်ကြပါစို့**

ကျွန်တော်တို့နိုင်ငံမှာ သမဝါယမဝန်ကြီးဌာန ခေတ္တခဏ ပျောက်သွားပေမယ့် ကမ္ဘာပေါ်မှာတော့ သမဝါယမစနစ်က အားကောင်းစွာ ရှင်သန်နေဆဲ၊ ၁၉၂၃ ခုနှစ် ဇူလိုင်လကတည်းက စတင်သတ်မှတ်ကျင်းပလာခဲ့တဲ့ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကလည်း ယနေ့အထိ ရှိနေဆဲ။ ယခုနှစ် ၂၀၂၂ ခုနှစ် ဇူလိုင် ၂ ရက်ဆိုရင် နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပါပြီ။ “Cooperatives Build a Better World, ကမ္ဘာလောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး”...တဲ့။ ကမ္ဘာပေါ်မှာ အောင်မြင်နေတဲ့ သမဝါယမအသင်းတွေ၊ လုပ်ငန်းတွေ များစွာ ရှိနေပါတယ်။ နိုင်ငံအတွင်းက ဗဟိုသမဝါယမ အသင်းနဲ့ အသင်းစုချုပ်တွေ၊ အသင်းစုတွေ၊ အသင်းတွေထဲမှာလည်း မိမိတို့ချမှတ်ထားတဲ့ မူဝါဒ လုပ်ငန်းစဉ်တွေအတိုင်း ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်နေကြတာကို တွေ့မြင်နေရပါတယ်။ အစဉ်အလာကောင်းတွေနဲ့ ရှင်သန်ရပ်တည်လာခဲ့တဲ့ သမဝါယမစနစ် ပိုမိုခိုင်မြဲအားကောင်းလာအောင် စိတ်ရင်းစေတနာ ဖြောင့်မတ်မှန်ကန်စွာထားပြီး သယ်ပိုးဆောင်ရွက်ကြမယ်ဆိုရင်တော့ ကမ္ဘာလောက ပိုမိုကောင်းမွန်ရေးအတွက်လည်း အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါကြောင်း...။ ။

**မှီငြမ်းကိုးကား -**

**ဦးလှမောင် တွဲဖက်သမဝါယမမင်းကြီး၏ “သမဝါယမနိဒါန်း”**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၃၅ | ၂၇၇၅ |
| 95 Ron | ၂၂၂၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၅ | ၂၃၅၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၁၀ | ၂၅၂၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၄၀ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၁၀ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၁ | ၂၁၀၅ |
| 95 Ron | ၂၁၁၈ | ၂၁၉၄ |
| HSD (500 ppm) | ၂၂၉၇ | ၂၃၇၃ |
| HSD (50 ppm) | ၂၃၂၅ | ၂၄၀၁ |
| HSD (10 ppm) | ၂၃၂၅ | ၂၄၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**ဟန္နိုင်း ဇွန် ၃၀**

(၂၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေး (23rd ASEAN Sub-Committee Meeting on Information, 23rd SCI Meeeting)ကို ဇွန် ၃၀ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ The HILTON HANOI OPERA ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက်က ရန်ကုန်မြို့မှ ထွက်ခွာပြီး ဘန်ကောက်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့သို့ ညပိုင်းတွင် ရောက်ရှိကာ ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးသို့ တက်ရောက်ခြင်းဖြစ်ပြီး နေပြည်တော်-တပ်ကုန်းနှင့် ရန်ကုန်မြို့တို့ရှိ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ အနေဖြင့်လည်း အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံပြန်ကြားရေးဆပ်ကော်မတီ(SCI) အလှည့်ကျသဘာပတိဖြစ်သည့် ဗီယက်နမ်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် MR Trieu Minh Long နှင့် တာဝန်ရှိသူများ ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ ဘတ်ဂျက်လျာထားခြင်း၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအား ဆွေးနွေးညှိနှိုင်းခြင်း၊ စီမံကိန်းအသစ် ဆောင်ရွက်လိုသည့် နိုင်ငံများက အဆိုပြုစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ နောက်တစ်ကြိမ် SCI Meeting အလှည့်ကျကျင်းပမည့်နိုင်ငံ ရွေးချယ်အတည်ပြုခြင်းတို့အား အဓိကထား၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

ယခုနှစ် SCI အစည်းအဝေးတွင် မြန်မာနိုင်ငံ SCI အဖွဲ့ကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက Project Proponent အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် 10th ASEAN Quiz Competition (National Level) ကို အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံလုံး၏ နိုင်ငံအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တာဝန်ခံဆွေးနွေးကြပြီး 10th ASEAN Quiz (Regional Level) အတွက် Game Plan အပါအဝင် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ထားရှိမှုများကို အခြားနိုင်ငံများသို့ ရှင်းလင်းတင်ပြကြသည်။

ထို့အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဌာနခွဲအသီးသီးမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြသည့် ASEAN News Exchange Initiatives project,RISE ASEAN Project နှင့် ASEAN Creative Film Response on COVID-19 Project များနှင့် စပ်လျဉ်း၍ Update Information များကို အခြား SCI ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြကြပြီး SCI -Myanmar ၏ ဒုတိယမြောက် Project အသစ်အဖြစ် MITV ဌာနခွဲမှ ဆောင်ရွက်မည့် Sustainable ASEAN MSMEs Project ၏ Concept Note အား တင်သွင်းရှင်းလင်း ဆွေးနွေးကြသည်။

အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး၊ အာဆီယံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ်အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် အွန်လိုင်းမှတစ်ဆင့် ယင်းအစည်းအဝေးများ ကျင်းပခဲ့ရာမှ ယခုနှစ်တွင် (၂၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး (23rd ASEAN Sub-Committee Meeting on Information, 23rd SCI Meeeting)ကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ကိုယ်တိုင်ပါဝင်တက်ရောက်သည့် အစည်းအဝေး (Physical Meeting) အဖြစ် ပြန်လည်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# ဖိလစ်ပိုင်နိုင်ငံ၏ ၁၇ ဦးမြောက် သမ္မတအဖြစ် ဖာဒီနန် ရာမူဒက်ဇ် မားကို့စ် ကျမ်းသစ္စာကျိန်ဆို

**မနီလာ ဇွန် ၃၀**

ဖာဒီနန် ရာမူဒက်ဇ် မားကို့စ်သည် မနီလာမြို့ရှိ အမျိုးသားပြတိုက်တွင် ဇွန် ၃၀ ရက်ကကျင်းပသည့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ လာရောက်ကြည့်ရှုသူ ထောင်ပေါင်းများစွာ၏ ရှေ့မှောက်၌ ဖိလစ်ပိုင်နိုင်ငံ၏ ၁၇ ဦးမြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ သမ္မတဟောင်း ဖာဒီနန် မားကို့စ်၏ သားဖြစ်သူ ဖာဒီနန် ရာမူဒက်ဇ်မားကို့စ်သည် အသက် ၆၄ နှစ်ရှိပြီဖြစ်ပြီး ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ၎င်း၏ အသက် ၉၂ အရွယ်ရှိ မိခင်ဖြစ်သူ အီမယ်လ်ဒါနှင့်အတူ အခြားမိသားစုဝင်များလည်း တက်ရောက်ခဲ့ကြသည်။ မားကို့စ်သည် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် မိန့်ခွန်းပြောကြားခဲ့ကာ နိုင်ငံသားများအားလုံး စည်းလုံးညီညွတ်ကြရန် တောင်းဆိုခဲ့သည်။

မားကို့စ်က ၎င်း၏အုပ်ချုပ်မှုစနစ်သည် စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် အလုံးစုံပါဝင်သော အစီအစဉ်တစ်ရပ်ကို ရေးဆွဲနေကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုပြဿနာကို ဖြေရှင်းရန်နှင့် အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးအောင် တည်ဆောက်ရန် အားလုံးအကျိုးရှိမည့် အပြောင်းအလဲများကို ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲအတွက် မြို့တော်အနှံ့ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးဝန်ထမ်း ၁၅၀၀၀ ကျော်ကို ဖြန့်ကြက်ထားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားသံတမန်များ၊ ဖိလစ်ပိုင်သမ္မတဟောင်း သုံးဦးဖြစ်သည့် ဖီဒယ်ရာမို့စ်၊ ဂျိုးဇက်အက်ထရာဒါနှင့် ဂလိုရီရာ မာကာပါဂယ် အာရိုယို တို့လည်း တက်ရောက်ခဲ့ကြသည်။

ဖိလစ်ပိုင်ကွန်ဂရက်လွှတ်တော်က မေ ၉ရက်၌ ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် မားကို့စ် အနိုင်ရကြောင်း မေ၂၅ ရက်က ကြေညာခဲ့သည်။ ၎င်းသည် မဲအရေအတွက် ၃၁ သန်းကျော် သို့မဟုတ် ထောက်ခံမဲ ၅၈ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သမ္မတ ဒူတာတေး၏ သမ္မတ သက်တမ်း ခြောက်နှစ် ကုန်ဆုံးသွားပြီဖြစ်၍ မားကို့စ်သည် ဖိလစ်ပိုင်သမ္မတ တာဝန်ကို လွှဲပြောင်းရယူရခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သမ္မတတစ်ဦးကို ခြောက်နှစ်သက်တမ်း တာဝန်ထမ်းဆောင်ခွင့်ပြုထားသည်။



ဖိလစ်ပိုင်နိုင်ငံ၏ ၁၇ ဦးမြောက် သမ္မတအဖြစ် ဖာဒီနန် ရာမူဒက်ဇ် မားကို့စ် ကျမ်းသစ္စာ ကျိန်ဆိုစဉ်။

မားကို့စ် တာဝန်ယူချိန်တွင် ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော ပြဿနာအချို့ဖြစ်သည့် အလုပ်လက်မဲ့နှုန်းကျဆင်းရေး၊ ငွေကြေးဖောင်းပွမှု၊ နိုင်ငံ့ဝင်ငွေနှင့် ကြွေးမြီဝန်ဆောင်မှုအချိုးမြင့်မားနေမှုနှင့် လောင်စာဆီဈေးနှုန်းမြင့်မားမှု ပြဿနာများကို ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

စားနပ်ရိက္ခာထောက်ပံ့မှုပြဿနာသည် အလွန်ဆိုးရွားနေသောကြောင့် မားကို့စ်သည် ၎င်းတာဝန်ယူပြီးနောက် စိုက်ပျိုးရေးအတွင်းရေးမှူးအဖြစ် ကိုယ်တိုင် ယာယီတာဝန်ထမ်းဆောင်မည်ဟု ပြီးခဲ့သည့် သီတင်းပတ်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံ၏ အကြီးဆုံး သဲကန္တာရဖြတ် အဝေးပြေးလမ်းသစ် ဖွင့်လှစ်

**အူရမ်ချီ ဇွန် ၃၀**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှင်ကျန်း အူရီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တပ်ခ်လီမန်ကန် သဲကန္တာရဖြတ် အဝေးပြေးလမ်းမသစ်ကို ဇွန် ၃၀ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်သည်။



အဆိုပါ အမြန်လမ်းသစ်သည် တရုတ်နိုင်ငံတောင်ပိုင်း ရှင်ကျန်းဒေသရှိ ကမ္ဘာ့ဒုတိယ အကြီးဆုံး သဲကန္တာရတစ်ခု ဖြစ်သည့် တပ်ခ်လီမန်ကန် သဲကန္တာရကို ဖြတ်သန်း၍ မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဘရင်ဂိုလင်စီရင်စုရှိ ယူလီဒေသနှင့် ကီမိုဒေသတို့ကို ဆက်သွယ် တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ လမ်းသစ်သည် စုစုပေါင်း ၃၃၄ ကီလိုမီတာ ရှည်လျားပြီး ၃၀၇ ကီလိုမီတာမှာ သဲကန္တာရကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၆၀ မှ ၈၀ နှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်သည်။ ယခုအချိန်အထိ တပ်ခ်လီမန်ကန် သဲကန္တာရကို ဖြတ်သန်း တည်ဆောက်ထားသည့် လမ်းအရှည်မှာ ကီလိုမီတာ ၁၂၀၀ အထိ ရှိလာပြီဖြစ်သည်။ အဆိုပါ အမြန်လမ်းသစ်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ အတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် ယွမ် ၁ ဒသမ ၇၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၆၁ ဒသမ ၅ သန်းခန့်)ကုန်ကျခဲ့သည်။

ယခုဖွင့်လှစ်သည့် အမြန်လမ်းသစ်သည် အကြမ်းဖျင်းအားဖြင့် ကီလိုမီတာ ၃၅၀ ခန့် ရှည်လျားသည့် ကီမိုဒေသနှင့် ဘရင်ဂိုလင်စီရင်စု၏ မြို့တော်ကော်လာတို့အကြား ဆက်သွယ်ပေးမည့် အတိုဆုံး ဖြတ်လမ်းတစ်ခုလည်းဖြစ်သည်။ အဆိုပါ အမြန်လမ်း တည်ဆောက်ပြီးစီးမှုကြောင့် ဒေသများအကြား ခရီးလမ်းကွာဝေးမှုကို လျှော့ချပေးနိုင်သဖြင့် ဒေသလူနေမှုစရိတ်ကြီးမြင့်မှုနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချမှုအခက်အခဲများကို ဖြေရှင်းနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဆယ်စုနှစ် တစ်ခုအတွင်းမှာပင် မြို့တော်ကော်လာနှင့် ကီမိုဒေသတို့အကြား သွားလာရန် ယခင်က အချိန် သုံးရက်ခန့်မှ ၁၂ နာရီ ကျော်ကျော်အထိ လျှော့ကျအောင်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါတွင် အချိန် ၆ နာရီသာ ကြာမြင့်တော့မည်ဖြစ်ကြောင်း ကီမိုဒေသခံ တာဆန်ဂျန် ဒါမန်းက ပြောသည်။

သဲကန္တာရ တစ်လျှောက် အဝေးပြေးလမ်းမကြီးကို တည်ဆောက်ရာတွင် မကြာခဏ သဲမုန်တိုင်းများ တိုက်ခတ်ခြင်းကဲ့သို့ ပြင်းထန်သော ရာသီဥတုအခြေအနေများ၊ ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး ပြတ်တောက်မှုများနှင့် နေ့စဉ်ထောက်ပံ့မှုများရရှိမှု အားနည်းခြင်းများ ကြုံတွေ့ခဲ့မှုကြောင့် စိန်ခေါ်မှုများစွာဖြင့် လုပ်ကိုင်ခဲ့ရကြောင်း အဆိုပါ အဝေးပြေးလမ်း စီမံကိန်းကို ဆောင်ရွက်ခဲ့သည့် တရုတ်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဝမ်ယွန်ဖေးက ပြောကြားသည်။

အဝေးပြေးလမ်းကို သဲများဖြင့် ဖုံးအုပ်မသွားစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြက်ခင်း ဧရိယာ စတုရန်းမီတာ ၅၈ သန်းနှင့် လမ်းတစ်လျှောက် ကီလိုမီတာ ၉၀၀ ကျော်၌ အတားအဆီးများကို လည်း တပ်ဆင်ခဲ့ကြရသည်။

ကီမိုဒေသရှိ မွေးမြူရေးကုမ္ပဏီတစ်ခုသည် နွားအကောင်ရေ ၆၀၀၀ ကျော်ကို မွေးမြူထားပြီး အဆိုပါ လမ်းတည်ဆောက်ပြီးစီးမှုကြောင့် နွားတစ်ကောင်အတွက် သယ်ယူပို့ဆောင်ရေးနှင့် မွေးမြူရေးစရိတ်အတွက် ယွမ် ၁၀၀၀ နီးပါးသက်သာစေခဲ့ပြီး မွေးမြူရေး ပမာဏကို တိုးချဲ့ရန်အတွက် နောက်ထပ် ယွမ်သန်း ၅၀၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ အမြန်လမ်းမကြီး ဖွင့်လှစ်လိုက်ခြင်းကြောင့် လမ်းကြောင်းတစ်လျှောက်ရှိ ဧရိယာများတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများလည်း တိုးတက်လာတော့မည် ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီ၏ ဒုတိယ ညွှန်ကြားရေးမှူးဖြစ်သူ ဂွာချန်းလီက ဆိုသည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ကိုးသန်းအတွက် သန့်ရှင်းသော စွမ်းအင်ရရှိရေး ကမ္ဘာ့ဘဏ်ကူညီ

**ဒါကာ ဇွန် ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ကိုးသန်းအတွက် သန့်ရှင်းသော စွမ်းအင်စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ရရှိနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၁၅ သန်း အကူအညီပေးနိုင်ရေးအစီအစဉ်ကို ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့အကြား လက်မှတ်ရေးထိုးခဲ့ကြောင်း ဇွန် ၃၀ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါ အစီအစဉ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးရေး အစီအစဉ်ခေတ်မီလာစေရေးအတွက် ဒါကာကျေးလက် ဓာတ်အားပေးရေးဘုတ်အဖွဲ့အတွက် ဒစ်ဂျစ်တယ်နည်းပညာ အကူအညီပေးရေး၊ မိုင်မန်ဆင်းခရိုင်ရှိ ကျေးလက်ဒေသ ၂၅ ခုတွင် ခေတ်မီလျှပ်စစ်ဓာတ်အားပေးစနစ်များ တပ်ဆင်နိုင်ရေးနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၏ ၂ ရာခိုင်နှုန်း လျှော့ချနိုင်ရေးတို့ အတွက် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ထို့အတူ အဆိုပါ အစီအစဉ်က ဘင်္ဂလားဒေ့ရှ် ကျေးလက်လျှပ်စစ်ဓာတ်အားရရှိရေး ဘုတ်အဖွဲ့ (BREB) ၏ လျှပ်စစ်ဓာတ်အားပေးပို့မှုအတွက် ၆၇၉၀ ဂစ်ဂါဝပ် တိုးမြှင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော လျှပ်စစ်ဓာတ်အားပေးစနစ်ကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ် အစိုးရသည် ပြီးခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဦးစားပေးလုပ်ဆောင်ခဲ့ရာ ယခုအခါ ပြည်သူတစ်ရပ်လုံး လျှပ်စစ်မီး ရရှိနေပြီဖြစ်ကြောင်း၊ ယခုအစီအစဉ်မှတစ်ဆင့် ပေါ်ပေါက်လာသော နည်းပညာအသစ်များသည် နိုင်ငံအတွင်း လျှပ်စစ်မီးရရှိရေး၏ စွမ်းဆောင်ရည်နှင့် ယုံကြည်စိတ်ချရမှုကို ပိုမိုခိုင်မာစေပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ရန် အထောက်အပံ့ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ဘင်္ဂလားဒေ့ရှ်နှင့် ဘူတန်နိုင်ငံဆိုင်ရာ ခေတ္တဌာနေကိုယ်စားလှယ် ဒန်ဒန်ချန်က ဆိုသည်။

ဘင်္ဂလားဒေ့ရှ် ကျေးလက်လျှပ်စစ်ဓာတ်အားရရှိရေး ဘုတ်အဖွဲ့က လျှပ်စစ်သုံးစွဲသူ ၁၀၀ကျော်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးယူနစ်များကိုလည်း ပံ့ပိုးပေးမည်ဖြစ်ပြီး ခေါင်မိုးပေါ်တပ်ဆင်မည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစနစ်များမှ မဂ္ဂါဝပ် ၁၅၀ ကိုလည်း မဟာလျှပ်စစ်ဓာတ်အားလိုင်းသို့ ချိတ်ဆက်ရရှိနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့အတူ လျှပ်စစ်ဖြန့်ဖြူးရေး ဓာတ်အားလိုင်း ကီလိုမီတာ ၃၁၀၀၀ ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်ပြီး အဆင့်မြင့်မီတာ အလုံးရေ ၂၀၀၀၀၀ ကိုလည်း တပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ အဆိုအရ ဘက်ထရီ စွမ်းအင်သိုလှောင်မှုစနစ်မြှင့်တင်ရေး (BESS)ကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို ဖြန့်ဝေအသုံးပြုရေး လမ်းပြမြေပုံများကိုလည်း ပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် နှစ်စဉ် ကာဗွန်ထုတ်လွှတ်မှု မက်ထရစ် တန် ၄၁၄၀၀ ကို လျှော့ချ ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်သည် လက်ရှိ ပြင်ဆင်ဆောင်ရွက်နေသည့် အစိုးရ၏ ပေါင်းစုစွမ်းအင်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းနှင့်လည်း ကိုက်ညီပြီး ကာဗွန်နည်းသော စွမ်းအင်စနစ်ကို ထူထောင်ရာတွင် အထောက်အကူဖြစ်စေမည့် အစီအစဉ်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် စီးပွားရေး ဆက်ဆံရေးဆိုင်ရာဌာနခွဲမှ ဖာတီမာ ရာ့စ်မင်က ဆိုသည်။ ကမ္ဘာ့ဘဏ်က အကူအညီပေးမည့် အစီအစဉ်တွင် အမေရိကန်ဒေါ်လာ ၁၅ သန်းကို ဘက်ထရီ စွမ်းအင်သိုလှောင်မှု စနစ်မြှင့်တင်ရေးအတွက် သန့်ရှင်းသော စွမ်းအင်နည်းပညာဆိုင်ရာ ရန်ပုံငွေအဖြစ် အသုံးပြုရန် သဘောတူညီထားသည်။ **ဆင်ဟွာ**

# အာရှနိုင်ငံအချို့မှာ ရေကြီးပြီး အာဖရိကနိုင်ငံအချို့မှာ မိုးခေါင်နေ

**ကောင်းထက်**



တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးရေလျှံမှုကို တွေ့ရစဉ်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံကြရခြင်းက ကမ္ဘာ့နေရာဒေသအလိုက် ကွဲပြားခြားနားကြပါတယ်။ တချို့ဒေသတွေက တချို့နေရာတွေထက် ပိုမိုပူနွေးကြပါတယ်။ တချို့ဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းနိုင်သလို တချို့အရပ်တွေမှာ ပြင်းထန်တဲ့ မိုးခေါင်မှုတွေ ပိုကြုံလာကြရပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံတွေဆိုရင် ရာသီဥတုပြောင်းလဲမှုနဲ့အညီ လိုအပ်တဲ့ ပြင်ဆင်မှုတွေ လုပ်နိုင်ဖို့ လုံလောက်တဲ့ ဘဏ္ဍာရေးအင်အား မရှိတဲ့အခါ ဆိုးကျိုးတွေကို ပိုမိုခံစားရဖွယ်ရှိပါတယ်။

လတ်တလော အိန္ဒိယ၊ တရုတ်နဲ့ ဘင်္ဂလားဒေ့ရှ်စတဲ့ အာရှရဲ့ နိုင်ငံအတော်များများမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မိုးကြိုးပစ်ခြင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သေဆုံးခြင်း၊ ကောက်ပဲသီးနှံများ ပျက်စီးခြင်း၊ စီးပွားရေးဆုံးရှုံးခြင်းတို့အပြင် လူ့အသက်ပင် ဆုံးရှုံးခြင်းများဖြစ်ပေါ်လျက်ရှိနေပါတယ်။

တစ်ဖန် အာဖရိကရဲ့ နိုင်ငံအတော်များများ အထူးသဖြင့် အီသီယိုပီးယား၊ ကင်ညာနဲ့ ဆိုမာလီယာ နိုင်ငံတွေမှာတော့ မိုးခေါင်ရေရှားမှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားနေကြရပါတယ်။ ဒါ့အပြင် စားနပ်ရိက္ခာ ပြတ်လပ်ပြီး အာဟာရချို့တဲ့ပြဿနာ၊ ငတ်မွတ်ခေါင်းပါးမှု အန္တရာယ်မြင့်မားလာတဲ့ပြဿနာ၊ လူတွေဟာ ကီလိုမီတာရာနဲ့ချီ လမ်းလျှောက်ပြီး စားစရာရှာဖွေရတဲ့ ပြဿနာ၊ တိရစ္ဆာန်တွေ သန်းနဲ့ချီ သေဆုံးရတဲ့ ပြဿနာ စတဲ့ပြဿနာတွေနဲ့ အာဖရိကနိုင်ငံအချို့မှာ ပြင်းပြင်းထန်ထန် ရင်ဆိုင်နေကြရပါတယ်။

## အိန္ဒိယ

အာရှဘက်အခြမ်းကို ကြည့်ရင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားနေတာကို တွေ့နိုင်ပါတယ်။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်နဲ့ မီဂါလာယာပြည်နယ်တွေမှာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုနဲ့ ရွှံ့နွံတွေ ပြိုကျမှုဖြစ်ပွားတာကြောင့် ၄၅ ဦးထက်မနည်း သေဆုံးကြောင်း ဒေသအာဏာပိုင်တွေက ပြောပါတယ်။ မီဂါလာယာပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့မှ အကြီးတန်းအရာရှိ လင်ဒိုက ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၆၃၃၀၀၀ ကျော် ရေဘေးကြုံတွေ့ရကြောင်း ဆိုပါတယ်။ အာသံပြည်နယ်မှာ အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာသူ ၁၈၆၄၂၄ ဦးရှိပြီး ကယ်ဆယ်ရေးစခန်း ၁၁၄၇ ခု ဖွင့်လှစ်ဆောင်ရွက်ထားတယ်လို့ ဆိုပါတယ်။

## ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုရင် မုတ်သုံမိုးရွာသွန်းမှုကြောင့် ဆူးလ်ဟက်နဲ့ ဆူနာမ်ဂါနီခရိုင်တွေမှာ ရေကြီးရေလျှံမှု၊ မြေပြိုကျမှုနဲ့ မိုးကြိုးပစ်မှုတွေ ဖြစ်ပွားပြီး အနည်းဆုံး လူ ၈၂ ဦးထက်မနည်း သေဆုံးကြောင်း နိုင်ငံတကာ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားတာ တွေ့ရတယ်။ ဆူးလ်ဟက်ခရိုင်မှ အကြီးတန်းအရာရှိ မိုရှာရုဖ်ဟော့ဆိန်က လူ ၃၀၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားပြီးဖြစ်ပေမယ့် လူသန်းနဲ့ချီ ရေဘေးကြုံတွေ့နေရတယ်လို့ ဆိုပါတယ်။ ဆူးလ်ဟက်ဒေသဟာ ရေဘေးအများဆုံးကြုံတွေ့ရတဲ့ ဒေသဖြစ်ပြီး လျှပ်စစ်နဲ့ အင်တာနက်ပြတ်တောက်မှုတွေလည်း ဖြစ်ပေါ်နေတယ်လို့ ဆိုပါတယ်။

## တရုတ်

တရုတ်နိုင်ငံမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုတွေဖြစ်ပွားပြီး လမ်းတွေ၊ အခြေခံအဆောက်အအုံတွေ ပျက်စီးခဲ့တဲ့အပြင် လူ ၁၅ ဦးထက်မနည်း သေဆုံးမှုရှိတယ်လို့ ဆိုပါတယ်။ ကျန်းရှီးပြည်နယ်ဟာ ရေကြီးရေလျှံမှု အများဆုံးခံစားရတဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး လူဦးရေ ၈၀၀၀၀၀ ကျော် ရေဘေးကြုံတွေ့နေရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကောက်ပဲသီးနှံ ၄၃၃၀၀၀ ဟက်တာ ပျက်စီးဆုံးရှုံးမှုနဲ့ စီးပွားရေးတိုက်ရိုက် ဆုံးရှုံးမှု ယွမ်ဘီလီယံပေါင်းများစွာဖြစ်ပေါ်ခဲ့တယ်လို့လည်း ဆိုပါတယ်။ တစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး သေဆုံးသူတွေစာရင်းမှာ ဖူကျန်းပြည်နယ်က အဆောက်အအုံပြိုကျမှုမှ ရှစ်ဦးပါဝင်တယ်လို့ သိရပါတယ်။

အာဖရိကဘက်အခြမ်းကို ကြည့်မယ်ဆိုရင် နိုင်ငံအချို့မှာ ပြင်းထန်တဲ့ မိုးခေါင်ရေရှားမှုဒဏ်ကို ခါးစည်းခံနေရတာကို တွေ့နိုင်ပါတယ်။ အထူးသဖြင့် တောင်အာဖရိက၊ အီသီယိုပီးယား၊ ကင်ညာနဲ့ ဆိုမာလီယာနိုင်ငံတွေမှာ ဆိုးဆိုးရွားရွား ခံစားနေကြရတယ်လို့ နိုင်ငံတကာ သတင်းရင်းမြစ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားတာ တွေ့ရပါတယ်။

## အီသီယိုပီးယား

မိုးခေါင်မှုဒဏ်ကြောင့် အီသီယိုပီးယား တောင်ပိုင်းနဲ့ အရှေ့တောင်ပိုင်းမှာ လူဦးရေ ၇ ဒသမ ၄ သန်းခန့် စားနပ်ရိက္ခာမဖူလုံမှုနဲ့ ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒယ်ဗလျူအက်ဖ်ပီ) က သတိပေးပြောကြားထားပါတယ်။

မကြာသေးမီက အီသီယိုပီးယားနိုင်ငံရဲ့ မိုးခေါင်မှုတုံ့ပြန်ရေး အခြေအနေနဲ့ ပတ်သက်ပြီး နောက်ဆုံးထုတ်ပြန်ချက်မှာ နိုင်ငံအရှေ့ပိုင်း ဆိုမာလီဒေသရှိ လူ ၃ ဒသမ ၃ သန်းခန့်နဲ့ အိုရိုမီယာဒေသရှိ လူ ၃ ဒသမ ၀၉ သန်းဟာ မိုးခေါင်ပြီး ရေရှားမှုတွေကြောင့် စားနပ်ရိက္ခာမဖူလုံမှုနဲ့ ကြုံတွေ့နေရကြောင်း ဒယ်ဗလျူအက်ဖ်ပီက ပြောပါတယ်။ ဒါ့အပြင် လူပေါင်း ၃၀၀၀၀၀ နီးပါးဟာ ၎င်းတို့ရဲ့ တိရစ္ဆာန်တွေအတွက် ရေနဲ့ စားကျက်ရှာဖွေရန်အလို့ငှာ ရွှေ့ပြောင်းခဲ့ကြောင်း၊ တိရစ္ဆာန် ၂ ဒသမ ၁ သန်းနီးပါးဟာ အစာရေစာပြတ်လပ်မှုကြောင့် သေဆုံးခဲ့ရကြောင်း၊ နောက်ထပ် ၁၀ သန်းဟာလည်း သေဆုံးနိုင်ခြေရှိကြောင်း ဒယ်ဗလျူအက်ဖ်ပီက ဆက်ပြောပါတယ်။

## ဆိုမာလီယာ

အာဖရိကမှာ မိုးခေါင်မှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားနေရတဲ့ နိုင်ငံတွေအနက် ဆိုမာလီယာနိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ လက်ရှိ ဆိုမာလီယာနိုင်ငံဟာ နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုဒဏ်နဲ့ ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် ဆိုမာလီယာနိုင်ငံမှာရှိတဲ့ လူဦးရေ ၄ ဒသမ ၆ သန်းကျော်ဟာ စားနပ်ရိက္ခာမလုံလောက်မှု အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတယ်လို့ သတင်းရင်းမြစ်တွေက ဆိုပါတယ်။

စုစုပေါင်း လူဦးရေ ၃ ဒသမ ၄ သန်းဟာ အိုးအိမ်စွန့်ခွာပြီး အစားအစာ၊ ရေနဲ့ စားကျက်ရှာဖွေနေရပြီး အသက် ငါးနှစ်အောက် ကလေးငယ် ၁ ဒသမ ၄ သန်းဟာ အာဟာရချို့တဲ့မှုဒဏ်ကို ခါးစည်းခံစားနေရတယ်လို့ သိရပါတယ်။ ဒါ့အပြင် ကုလားအုတ်၊ ဆိတ်၊ သိုးနဲ့ နွားအကောင် ၇၀၀၀၀၀ လောက် သေဆုံးသွားတယ်လို့ နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။

## တောင်အာဖရိက

တောင်အာဖရိကနိုင်ငံမှာဆိုရင် အဓိက ရေလှောင်တမံလေးခုအနက် တစ်ခုဟာ ခန်းခြောက်စပြုလာပြီဖြစ်တယ်လို့ ဒေသအာဏာပိုင်တွေက ဆိုပါတယ်။ အခြားရေလှောင်တမံတစ်ခုက လာမယ့် ရက်သတ္တ နှစ်ပတ်အတွင်း ခန်းခြောက်သွားနိုင်ပြီး တတိယရေလှောင်တမံက တစ်လလောက်အကြာမှာ ခန်းခြောက်သွားနိုင်တယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြထားတာတွေ့ရတယ်။ ဒါကြောင့် တောင်အာဖရိကနိုင်ငံအနေနဲ့ မိုးခေါင်ရေရှားမှုဒဏ်ကို ဆက်လက်ခံစားရဖွယ် ရှိနေပါတယ်။ ဒါပေမယ့်လည်း တောင်အာဖရိကနိုင်ငံမှာ ရေပြတ်လပ်မှုနဲ့ ကြုံတွေ့နေရတာ နှစ်ပေါင်းကြာလာတော့ အဲဒီရေပြတ်လပ်မှုက လူနေမှုဘဝပုံစံတစ်ခုလိုဖြစ်လာတယ်လို့ ဆိုပါတယ်။ ။

❍ **တရုတ်နိုင်ငံမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုတွေဖြစ်ပွားပြီး လမ်းတွေ၊ အခြေခံအဆောက်အအုံတွေ ပျက်စီးခဲ့တဲ့ အပြင်လူ ၁၅ ဦးထက်မနည်း သေဆုံးမှုရှိတယ်လို့ ဆိုပါတယ်။ ကျန်းရှီးပြည်နယ်ဟာ ရေကြီးရေလျှံမှု အများဆုံးခံစားရတဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး လူဦးရေ ၈၀၀၀၀၀ ကျော် ရေဘေးကြုံတွေ့နေရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကောက်ပဲသီးနှံ ၄၃၃၀၀၀ ဟက်တာ ပျက်စီးဆုံးရှုံးမှုနဲ့ စီးပွားရေးတိုက်ရိုက် ဆုံးရှုံးမှု ယွမ်ဘီလီယံပေါင်းများစွာဖြစ်ပေါ်ခဲ့တယ်လို့လည်း ဆိုပါတယ်။ တစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး သေဆုံးသူတွေစာရင်းမှာ ဖူကျန်းပြည်နယ်က အဆောက်အအုံပြိုကျမှုမှ ရှစ်ဦးပါဝင်တယ်လို့ သိရပါတယ်**

# ဇွန် ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၃ ရာခိုင်နှုန်းရှိ

**(၃၀–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၇၂,၆၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၅၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၆၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၀–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၃၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၀) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၇၀) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၅) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၃၃၆) ခု | (၆) ဦး |
| စုစုပေါင်း | (၅,၅၅၉) ခု | (၁၃) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃၀-၆-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၂၃၆၄၄၉ | ၈၄၈၁၀၅၅၄ | ၁၀၄၂၂၉၁ |
| ၂။ | အိန္ဒိယ | ၄၃၄၅၂၁၆၄ | ၄၂၈၂၂၄၉၃ | ၅၂၅၁၁၆ |
| ၃။ | ဘရာဇီး | ၃၂၂၈၃၃၄၅ | ၃၀၇၆၄၉၂၃ | ၆၇၁၁၉၄ |
| ၄။ | ပြင်သစ် | ၃၀၉၅၀၅၁၃ | ၂၉၆၀၃၈၇၉ | ၁၄၉၄၉၁ |
| ၅။ | ဂျာမနီ | ၂၈၁၈၀၈၆၁ | ၂၆၆၄၉၀၀၀ | ၁၄၁၁၀၅ |
| ၆။ | ဗြိတိန် | ၂၂၆၉၇၄၃၇ | ၂၂၁၃၈၈၉၂ | ၁၈၀၂၄၅ |
| ၇။ | အီတလီ | ၁၈၄၃၈၈၇၇ | ၁၇၄၃၅၃၇၀ | ၁၆၈၂၉၄ |
| ၈။ | ရုရှား | ၁၈၄၃၀၂၃၉ | ၁၇၈၅၈၂၁၇ | ၃၈၁၁၁၂ |
| ၉။ | တောင်ကိုရီးယား | ၁၈၃၅၉၃၄၁ | ၁၈၂၀၀၉၂၃ | ၂၄၅၄၇ |
| ၁၀။ | တူကီယဲ | ၁၅၁၂၃၃၃၁ | ၁၅၀၀၅၂၄၉ | ၉၉၀၃၂ |

## ၃၀-၆-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၄၆၄၇၀ | ၉၆၈၁၃၁၈ | ၄၃၀၈၇ |
| အင်ဒိုနီးရှား | ၆၀၈၈၄၆၀ | ၅၉၁၄၉၃၃ | ၁၅၆၇၃၇ |
| မလေးရှား | ၄၅၆၃၁၈၈ | ၄၄၉၈၇၁၁ | ၃၅၇၆၃ |
| ထိုင်း | ၄၅၂၂၉၁၅ | ၄၄၆၈၃၃၆ | ၃၀၆၅၁ |
| ဖိလစ်ပိုင် | ၃၇၀၄၄၀၇ | ၃၆၃၅၉၈၁ | ၆၀၅၅၅ |
| စင်ကာပူ | ၁၄၃၄၅၆၃ | ၁၃၃၅၅၄၅ | ၁၄၁၁ |
| မြန်မာ | ၆၁၃၅၉၆ | ၅၉၂၅၆၁ | ၁၉၄၃၄ |
| လာအို | ၂၁၀၂၉၂ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၆၃၀၅၅ | ၁၅၇၆၆၇ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၂၇၉ | ၁၃၃၂၀၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ထား



**နေပြည်တော် ဇွန် ၃၀**

သီလဝါအထူးစီးပွားရေးဇုန်၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ပြည်ပနိုင်ငံအသီးသီးမှ လုပ်ငန်းရှင်များကို မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှတစ်ဆင့် ဖိတ်ခေါ်ထားကြောင်းသိရသည်။ လက်ရှိတွင် အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၂၂ ခုနှစ်ဧပြီလအထိ နိုင်ငံဒေသပေါင်း ၂၀ မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၂၂ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၇၂ ဒသမ ၉၀၂ သန်းအထိ ခွင့်ပြုပေးထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် (က) ခတ်မြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ခ) ဘီလပ်မြေ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဂ) သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများ၊ (င) တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (စ) လျှပ်စစ်ယာဉ်များ ထုတ်လုပ်သည့်လုပ်ငန်းများ၊ (ဆ) ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ (ဇ) အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အဆိုပြုလွှာတင်ပြလာပါက ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများ တင်ပြကြရန်လည်း ဖိတ်ခေါ်လျက်ရှိသည်။

သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ် နိုဝင်ဘာလမှ ၂၀၂၂ခုနှစ် ဧပြီလအထိ ရင်းနှီးမြှုပ်နှံမှုများတွင် စက်မှုကဏ္ဍ၌ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၇၆၁ ဒသမ ၄၈၄ ရှိခဲ့ပြီး အရေအတွက်မှာ ၉၇ ခုအထိ ရှိလာခဲ့သည်။ ကုန်စည်ရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေး၊ ဝန်ဆောင်မှု၊ အိမ်ရာအဆောက်အအုံဖွံ့ဖြိုးမှု၊ ဟိုတယ်ကဏ္ဍစသည်ဖြင့် ကဏ္ဍများတွင် အများဆုံး ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ထို့အတူ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂ ဇန်နဝါရီလအထိ ရင်းနှီးမြှုပ်နှံမှုအခြေအနေများအရ ဂျပန်နိုင်ငံမှ အများဆုံးရင်းနှီးမြှုပ်နှံထားပြီး ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၃၁ ဒသမ ၃၆ ရာခိုင်နှုန်းခန့်ရှိကာ စင်ကာပူနိုင်ငံမှ ၃၀ ဒသမ ၂၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ ၈ ဒသမ ၇၅ ရာခိုင်နှုန်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်ထားကြသည်။ ထို့အတူ ယူနိုက်တက်ကင်းဒမ်း၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၊ တရုတ် (တိုင်ပေ)၊ ဩစတြီးယား၊ ယူအေအီး၊ မလေးရှား၊ ဩစတြေးလျ၊ နယ်သာလန်၊ ပနားမား၊ ဒိန်းမတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘရူနိုင်း၊ ဗီယက်နမ်၊ ဆွစ်ဇာလန်နှင့် ပြင်သစ်နိုင်ငံတို့မှလည်း လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

အထူးစီးပွားရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီက ခွင့်ပြုပေးခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများကို တင်သွင်း၍ ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

**သီရိ**

**ဓာတ်ပုံ–သီလဝါအထူးစီးပွားရေးဇုန်**

## တစ်ပတ်အတွင်းဘုရင့်နောင်ကုန်စည်ဈေးကွက်

ဇွန် ၂၃ ရက်မှ ၂၉ ရက်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ဈေးကျလျက်ရှိသည့် ကြက်သွန်နီနှင့် ဆန်ကွဲတို့ ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာခဲ့သည်။ တရုတ်ကြက်သွန်များ နေ့စဉ်ပြန်လည်ဝင်ရောက်လာခဲ့သည်။ ဈေးအမြင့်ဘက်တွင်ရှိသည့် စားအုန်းဆီဈေးနှုန်းများ အတက်အကျ ကြမ်းလာပြီး မတ်ပဲ၊ ပဲစင်းငုံနီ ဈေးနှုန်းများလည်း အမြင့်ဘက်သို့ ဦးတည်လျက်ရှိသည်။

**ဆန်**

ဆန်ချောဈေးနှုန်းမှာ ပုံမှန်အတိုင်းသာရှိပြီး ရွှေဘိုပေါ်ဆန်းတစ်အိတ် လက်ကားဈေးကျပ် ၅၅၀၀၀ မှ ၆၃၀၀၀၊ ပုသိမ် မြောင်းမြ ပေါ်ဆန်း ကျပ် ၅၄၀၀၀၊ ဖျာပုံပေါ်ဆန်း ကျပ် ၅၁၀၀၀၊ ပေါ်ကွဲ ကျပ် ၄၀၀၀၀ နှုန်း အသီးသီးရှိသည်။ ဆန်ကြမ်းဈေးတွင် သီးထပ်တစ်အိတ် ကျပ် ၃၃၀၀၀၊ ရက် ၉၀ မြောင်းမြရှယ်စ ကျပ် ၃၇၀၀၀ ဝန်းကျင်၊ ပုံမှန်စ ကျပ် ၃၅၀၀၀ ဝန်းကျင် ဈေးနှုန်းသတ်မှတ်ရောင်းချလျက်ရှိသည်။ ယခုရက်ပိုင်း ရွှေဘိုနယ်မှ ရက် ၉၀ ဆန်ကြမ်းများ တစ်ရက်လျှင် တွဲကား ငါးစီးခန့် ဘုရင့်နောင်သို့ ဝင်ရောက်လာသည်။ တစ်အိတ်လျှင် ကျပ် ၂၉၅၀၀ အထိ ဈေးကျလာသည့် ဆန်ကြမ်းမှာ တစ်ပတ်အတွင်း ကျပ် ၃၀၅၀၀ သို့ ဈေးပြန်တက်လာခဲ့သည်။ နွေထွက်ကောက်ညှင်းဆန်(၁၀၂ ပေါင်) တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ မိုးစိုက်ထွက်တစ်အိတ် ကျပ် ၃၉၀၀၀ နှုန်းရှိသည်။

**ကြက်သွန်နီ/ဖြူ**

ယခုအပတ်အတွင်း မုံရွာနယ် ကြက်သွန်နီလက်ကား တစ်ပိဿာဈေးနှုန်းများမှာ ဇွန်လ ၂၇ ရက်တွင် (၁၁၅၀–၁၄၅၀–၁၆၀၀–၁၆၅၀) ကျပ်၊ ဆိပ်ဖြူ (၁၁၅၀–၁၄၀၀–၁၅၀၀–၁၆၀၀) ကျပ်နှုန်း ရှိရာမှ ဇွန်၂၉ ရက်တွင် အဝင်ပိဿာ ၆၀၀၀၀ သာရှိ၍ မုံရွာ(၁၃၀၀–၁၆၀၀–၁၇၀၀–၁၈၀၀) ကျပ်၊ ဆိပ်ဖြူ (၁၂၀၀–၁၄၅၀–၁၅၅၀–၁၆၅၀) ကျပ်နှုန်းသို့ ဈေးနှုန်းအနည်းငယ် ပြန်လည်မြင့်တက်လာသည်။ ယခုရက်ပိုင်း တရုတ်ကြက်သွန်နီ (အလုံးကြီး) တစ်ရက်လျှင် ကုန်ချိန် ပိဿာ ၆၀၀၀ ဝင်ရောက်နေရာ ဈေးနှုန်းမှာတစ်ပိဿာ ကျပ် ၁၆၀၀ ဝန်းကျင်ရှိနေသည်။ ရှမ်းကြက်သွန်ဖြူ အောင်ပန်း လက်ကားတစ်ပိဿာ (၂၂၀၀–၂၆၀၀–၃၂၀၀–၃၇၀၀) ကျပ်နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ (အိတ်သေးထည့်) ကျပ် ၂၆၅၀ နှုန်းသာ ရှိနေသည်။

**အာလူးနှင့်ငရုတ်**

ဇွန် ၂၉ ရက်တွင် အာလူးပိဿာချိန် ၂၄၀၀၀ သာဝင်ရောက်လာပြီး ရှမ်းဟဲဟိုး (အမည်းသီး) လက်ကား တစ်ပိဿာ ကျပ် ၁၆၅၀၊ တရုတ်အာလူး ကျပ် ၁၇၅၀၊ ဘင်္ဂလားအာလူး (မီးခိုးပြာရောင်) တစ်ပိဿာ ကျပ် ၁၅၀၀ မှ ၁၇၅၀ နှုန်း ရှိလာသည်။ ဇွန်၂၉ ရက်တွင် မိတ္ထီလာ မိုးထောင်ငရုတ်အသစ် တစ်ပိဿာ ကျပ် ၇၇၀၀ နှုန်းဖြင့် ဝင်ရောက်လာသည်။ ရန်ကုန်ငရုတ်ဈေးကွက်အတွင်း ဟသ်ာတ မိုးထောင်ငရုတ် (ရိုးရိုး) တစ်ပိဿာ ကျပ် ၇၇၀၀ဖြင့် အလှော်လုပ်ငန်းရှင်များအား အိတ် ၁၀၀ ကျော် ရောင်းချရသည်။ မြားနီနှင့် ပန်းရဲ ငရုတ်ရှည် တစ်ပိဿာ ကျပ် ၈၀၀၀ မှ ၈၅၀၀၊ မြစ်ဝမိုးထောင် အအေးခန်းထုတ် တစ်ပိဿာ ၉၀၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွရိုးရိုး ကျပ် ၈၅၀၀ မှ ၁၂၀၀၀ အထိ ဈေးအသီးသီးရှိသည်။

**စားသုံးဆီ**

မြေပဲဆီ လက်ကားတစ်ပိဿာ ကျပ် ၈၅၀၀ မှ ၁၁၀၀၀ အတွင်း၊ နှမ်းဆီတစ်ပိဿာ ကျပ် ၈၅၀၀ မှ ၉၅၀၀ ရှိသည်။ စားအုန်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၇၂၀၀ မှ ဇွန် ၂၉ ရက်တွင် ကျပ် ၆၂၀၀ သို့ ကျဆင်းလာသည်။

**မတ်ပဲ – ပဲစင်းငုံ**

မတ်ပဲ FAQ/RC (၂၀၂၂ ခုနှစ်) တစ်တန်လျှင် ကျပ် ၇၀၀၀၀ ဝန်းကျင်၊ ပဲစင်းငုံနီတစ်တန် ကျပ် ၆၀၀၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်မှုရှိလာသည်။ ဇွန် ၂၉ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၁၆၉၃၅၀၀ နှုန်းဖြင့် ကုန်သေတ္တာဆယ်လုံး၊ (တန်ချိန် ၂၄၀) အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲစင်းငုံနီ RC (၂၀၂၂ ခုနှစ်) တစ်တန် ကျပ် ၁၄၄၇၅၀၀ ရှိလာသည်။

**အောင်ခင်နိုင်**



## ရွှေလီလက်ကားသစ်သီးဈေးကွက်အတွင်း မြန်မာ့သရက်အဝင်နည်းလာ တရုတ်ဈေးကွက်သို့ သရက်တင်ပို့မှု ပြီးဆုံးတော့မည်

**ရန်ကုန် ဇွန် ၃၀**

ရွှေလီလက်ကား သစ်သီးဈေးကွက်အတွင်း မြန်မာပို့ကုန်သရက်များ အဝင်နည်းလာခဲ့ပြီး ဈေးနှုန်းများလည်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

“သရက်ကတော့ တော်တော်လည်း တုံးသွားပြီလို့ ပြောနိုင်ပါတယ်။ အထူးသဖြင့် ဒီနှစ်မှာ သရက်သီးပို့ကုန်တွေ အခက်အခဲအများကြီးရှိတယ်။ ကိုဗစ်ပိုးပါမပါစစ်သလို အပုပ်အနာစစ်တာလည်း အတော်များတယ်။ သန့်ရှင်းရေးကိုလည်း တရုတ်ဘက်ကနေ အတော်လေးစိစစ်လာတယ်။ ဒါကြောင့် တင်ပို့သူတွေတော့ ထိခိုက်ပါတယ်။ နောင်နှစ်တွေမှာ ပိုပြီးသတိထားရမှာက ပြုစုပျိုးထောင်မှုကို အားဖြည့်သင့်တယ်။ အပုပ်အနာ၊ အနံ့အသက်၊ ထုပ်ပိုးမှုကအစ ကုန်သည်တွေ သတိထားရမှာဖြစ်ပါတယ်” ဟု ရွှေလီသစ်သီးပွဲရုံတစ်ရုံမှ တာဝန်ရှိသူက ပြောသည်။

ထို့အပြင် ရွှေလီသစ်သီးဈေးအတွင်း၌ မြန်မာသရက်သီးများ ရောင်းချခွင့်ပိတ်သည်ဟု လူပြောများလျက်ရှိကြောင်း သိရှိရပြီး အမှန်မှာ အဝယ်ရှိသော်လည်း စိစစ်မှုများကြောင့် ဈေးကောင်းမရခြင်း၊ အပယ်အနုတ်များခြင်းများသာ ရှိကြောင်း သိရသည်။

“ဈေးကွက်ကိုတော့ အနည်းငယ်ထိခိုက်တာပေါ့။ သစ်သီးက အခြားကုန်တွေလိုမဟုတ်ဘူး၊ အထားမခံသလို အထိခိုက်လည်းမခံဘူး။ တရုတ်ပြည်မှာလည်း သရက်သီးက စပြီးထွက်လာတဲ့အချိန်ဆိုတော့ အဝယ်လည်း အားနည်းသွားပြီ။ မကြာမီရက်ပိုင်းအတွင်း သရက်တင်ပို့မှုက ပြီးဆုံးတော့မှာဖြစ်ပါတယ်။ လက်ရှိဈေးနှုန်းတွေကတော့ စိန်တလုံး ယွမ် ၅၀ ကနေ ၉၀ ကြား၊ ရွှေဟသ်ာ ယွမ် ၅၀–၇၀ နဲ့ ရင်ကွဲ ၁၀ ယွမ်ကနေ ယွမ် ၅၀ အကြားဈေးနှုန်းအသီးသီး ရှိနေတယ်” ဟု ကုန်သည်တစ်ဦးကပြောသည်။

**ကိုရိုး၊**

**ဓာတ်ပုံ–ခွာညိုသစ်သီးပွဲရုံ**

## ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့အတွက် အဆိုပြုလွှာလက်ခံ

**ရန်ကုန် ဇွန် ၃၀**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် USAID မှ အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ပြီး အဆိုပြုလွှာများကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံမှ နိုင်ငံသားကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများ၏ ခံနိုင်ရည်ရှိမှု တိုးတက်စေရန်၊ ကုမ္ပဏီ၏ အုပ်ချုပ်စီမံခန့်ခွဲမှုကို မြှင့်တင်ရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ပြိုင်ဆိုင်မှုစွမ်းရည် တိုးတက်စေရန်စသည်တို့ကို ရည်ရွယ်၍ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုဆောင်ရွက်ချက်များ ဖွံ့ဖြိုးတိုးတက်ရန် ကူညီပေးမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ လက်လီရောင်းဝယ်ရေးကဏ္ဍ၊ ကုန်စည်ဖြန့်ဖြူးရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၊ အလတ်စားကုန်ထုတ်လုပ်ငန်းကဏ္ဍနှင့် ပို့ကုန်လုပ်ငန်းကဏ္ဍတို့မှ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ အကူအညီအမျိုးအစားများအဖြစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်များအား ပြည်ပဈေးကွက်သို့ လက်လှမ်းမီစေရန် ထောက်ခံစာထုတ်ပေးခြင်းလုပ်ငန်းများတွင် ပံ့ပိုးခြင်း၊ လုပ်ငန်းများ ချေးငွေရရှိရေးအတွက် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ ပြင်ဆင်မှုနှင့် အစုရှယ်ယာများဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန်လမ်းညွှန်ပြသခြင်း၊ တန်ဖိုးမြှင့်လယ်ယာထွက်ကုန်များအတွက် လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူနိုင်ရန် ပံ့ပိုးပေးခြင်း၊ ဈေးကွက်ဖြန့်ချိရေးလမ်းကြောင်းများနှင့် လက်လှမ်းမီစေရန် မိတ်ဖက်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ ပါဝင်သည်။

လျှောက်ထားလိုသည့် ကုမ္ပဏီနှင့် လုပ်ငန်းများသည် ဇူလိုင် ၃ ရက်အထိ ကုန်သည်စက်မှုအသင်းချုပ်၊ မူဝါဒရေးရာနှင့် သုတေသနဌာန၊ ဖုန်း ၀၁-၂၃၁၄၃၄၄-၉၊ လိုင်းခွဲ ၁၅၀ သို့ ဆက်သွယ်နိုင်ပြီး ကုန်သည်စက်မှုအသင်းချုပ်မှ ညီနောင်အသင်းများသို့လည်း ပေးပို့ဖြန့်ဝေထားကြောင်း သိရသည်။ **ကိုရိုး**



## သွင်းကုန်လိုင်စင်သက်တမ်းသတ်မှတ်ချက် ယာယီပြောင်းလဲ

**နေပြည်တော် ဇွန် ၃၀**

ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှုများအတွက် လိုအပ်သည့် သွင်းကုန်လိုင်စင်သတ်မှတ်ချက်ကို ဇူလိုင် ၁ ရက်မှစတင်၍ ယာယီပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အာရှနိုင်ငံများမှ တင်သွင်းသည့် ကုန်ပစ္စည်းများဖြစ်ပါက သွင်းကုန်လိုင်စင်သက်တမ်း ရက်ပေါင်း ၃၀ ဖြစ်ပြီး အာရှပြင်ပနိုင်ငံများမှ တင်သွင်းသော ကုန်ပစ္စည်းများဖြစ်ပါက ၄၅ ရက်အဖြစ် ယာယီပြင်ဆင်သတ်မှတ်ကြောင်း ဇွန် ၂၄ ရက်က သွင်းကုန်လုပ်ငန်းရှင်များထံ အသိပေးထုတ်ပြန်ထားသည်။ **ကိုရိုး**

## အာဆီယံ၏စီးပွားရေး ပြန်လည်ဦးမော့လာရန် ခြိမ်းခြောက်နေသည့် ငွေကြေးဖောင်းပွမှု

စားသောက်ကုန်နှင့် လောင်စာဆီဈေးနှုန်းများ မြင့်မားလာခြင်းကြောင့် ပုဂ္ဂလိကငွေကြေးသုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျဆင်းလာစေလျက်ရှိသည်။ ကမ္ဘာ့ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းသည် ၂၀၂၂ ခုနှစ်တွင် အာဆီယံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေးကို နှေးကွေးစေလျက်ရှိသည်။

ကမ္ဘာ့ဘဏ်၏ ဇွန်လထုတ် Global Economic Prospects အစီရင်ခံစာအရ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဧပြီလတွင် ၁ ဒသမ ၉ ရာခိုင်နှုန်းမှ ၆ ဒသမ ၉၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ငွေကြေးဖောင်းပွမှုနှုန်းသည်လည်း အလားတူကာလတွင် ၄ ဒသမ ၂၃ ရာခိုင်နှုန်းမှ ၉ ဒသမ ၃၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ယူကရိန်း-ရုရှားစစ်ပွဲကြောင့်လည်း သွင်းကုန်လုပ်ငန်းရှင်များကိုပါ ထိခိုက်လာစေပြီး ငွေကြေးဖောင်းပွမှုနှုန်းသည် ဆက်လက်မြင့်တက်မည်ဟု ခန့်မှန်းထားသည်။

ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းကြောင့် ဗဟိုဘဏ်များက ဈေးနှုန်းထိန်းချုပ်နိုင်ရေးအတွက် တင်းကျပ်သည့်ငွေကြေးမူဝါဒများချမှတ်ဆောင်ရွက်လာနိုင်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် အာဆီယံနိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်မှုအလားအလာများ လျော့နည်းသွားမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလျော့နည်းလာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလာခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအတွက်ငွေကြေးသုံးစွဲမှုလျော့ကျလာခြင်းနှင့် အခွန်ငွေရရှိမှု နည်းပါးလာခြင်းတို့ကြောင့် အာဆီယံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရေးကို နှေးကွေးစေသည်။

အာဆီယံနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် တောက်လျှောက်မြင့်တက်နေသည်ကို တွေ့ရှိရပြီး ပျမ်းမျှနှုန်းမှာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ၀ ဒသမ ၉ ရာခိုင်နှုန်းမှ ဒီဇင်ဘာလတွင် ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလတွင် ၄ ဒသမ ၇ ရာခိုင်နှုန်းအထိ လည်းကောင်း မြင့်တက်ခဲ့သည်။

ငွေကြေးဖောင်းပွမှုနှုန်းသည် ယခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ၁၄၉ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံ၌ ၁၆၁ ရာခိုင်နှုန်း၊ လာအိုနိုင်ငံ၌ ၂၀၆ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံ၌ ၂၆၇ ရာခိုင်နှုန်းအထိ ရုတ်တရက်မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ သို့ရာတွင် မလေးရှားနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းလျော့ကျသည်ကို တွေ့ရှိရသည်။

## အထည်အလိပ်နှင့်ခရီးသွားအပြင် အခြားကဏ္ဍများကိုပါချဲ့ထွင်နိုင်ရန် ကမ္ဘောဒီးယားကြိုးပမ်း

**ဖနောင်ပင် ဇွန် ၃၀**

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍမဟုတ်သည့် အခြားကဏ္ဍများမှ ၁၅ ရာခိုင်နှုန်း၊ လယ်ယာထုတ်ကုန်ကဏ္ဍမှ ၁၂ ရာခိုင်နှုန်း ရရှိရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

အထည်အလိပ်ကဏ္ဍသည်ကမ္ဘောဒီးယားနိုင်ငံ တင်ပို့မှုအားလုံး၏ ၈၀ ရာခိုင်နှုန်းရှိပြီး နိုင်ငံ GDP ၏ ၃၀ ရာခိုင်နှုန်းအထိရှိကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်သမား ရှစ်သိန်းကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသော ကဏ္ဍဖြစ်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍမှ ဝင်ငွေသည်လည်း နိုင်ငံ GDP ၏ ၁၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ကိုရီးယားကုန်ထုတ်လုပ်ငန်းရှင်ပေါင်း ၃၀၀ ကျော်ခန့် ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး အများစုမှာ အိတ်၊ ဖိနပ်၊ အဝတ်အထည်ထုတ်လုပ်သည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရော်ဘာ၊ သစ်သီးနှင့် ပီလောပီနံဥများပါဝင်သည့် လယ်ယာထုတ် ကုန်ကြမ်းများသာမက လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများကို ကိုရီးယားနိုင်ငံသို့တင်ပို့လျက်ရှိပြီး အဆင့်မြင့်နည်းပညာများဖြင့် အဆင့်မြင့် အီလက်ထရွန်နစ်နှင့် တပ်ဆင်ပြီး ကုန်စည်များ ပိုမိုထုတ်လုပ်နိုင်ရန်လည်း ကိုရီးယားနိုင်ငံသည် အရေးပါသော ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သည်။ ယခင်နှစ်များကတည်းက ချမှတ်ဆောင်ရွက်လျက်ရှိသော ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများကြောင့် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသော လုပ်ငန်းရှင်များမှာ လုပ်သာကိုင်သာရှိလာကြမည်ဖြစ်သည်။



၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ထားသော ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဦးစားပေးကဏ္ဍ ၁၉ ခုတွင် အရင်းအနှီးများသော စီမံကိန်းများ လုပ်ကိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းရှင်များသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်များ၊ သီးခြားတန်ဖိုးလျှော့ခြင်း လုပ်ငန်းစဉ်များဖြင့် ကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုမည့် ကာလရှည်ပိုင်ဆိုင်မှုများအပေါ်ပေးအပ်မည့် အထူးတန်ဖိုးလျှော့ ထောက်ပံ့ကြေးများ၊ ကုန်စည်တင်ပို့ခြင်းဆိုင်ရာ အကောက်ခွန်ကင်းလွတ်ခွင့်များ ပေးအပ်မည်ဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများက နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်မားစေသည့်အပြင် ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံဖြစ်လာရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် ဝင်ငွေမြင့်နိုင်ငံ ဖြစ်လာရန် ရည်မှန်းထားသည်။

## တရုတ်အစိုးရစောင့်ကြည့်ကြီးကြပ်သည့်ကုန်စည်အများစု ဈေးနှုန်းကျဆင်းခဲ့

**ကူမင်း ဇွန် ၃၀**

တရုတ်အစိုးရမှ စောင့်ကြည့်ကြီးကြပ်သည့် ရင်းနှီးကုန်စည်အများစုသည် ၂၀၂၂ ခုနှစ် မေလဆန်းပိုင်းနှင့် နှိုင်းယှဉ်ပါက မေလနောက်ပိုင်းတွင် ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

အစိုးရမှ စောင့်ကြည့်ကြီးကြပ်သည့် အဓိကကုန်စည် အမျိုး ၅၀ တွင် (ချောမွေ့/ဆက်ကြောင်းမရှိသော) သံမဏိပြွန်များ၊ ဓာတ်ဆီ၊ ကျောက်မီးသွေး၊ ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးထွက်ကုန်အချို့အပါအဝင် ကုန်စည် ၂၃ ခုမှာ ဈေးတက်ခဲ့ပြီး ၂၇ မျိုးမှာ ဈေးနှုန်းကျဆင်းခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုမှ အချက်အလက်များအရ သိရသည်။ ၁၀ ရက်လျှင် တစ်ကြိမ် ထုတ်ပြန်သော အဆိုပါကြေညာချက်သည် ပြည်နယ်အဆင့် တိုင်းဒေသကြီး ၃၁ ခုရှိ လက်ကားရောင်းချသူများနှင့် ဖြန့်ဖြူးသူ ၂၀၀၀ နီးပါး၏ စစ်တမ်းကို အခြေခံထားကြောင်း ကူမင်းမြို့ရှိ စီးပွားရေးသံမှူးထံမှ သိရှိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# အဆင့်မြင့်မော်တာအပ်ချုပ်စက် ပညာရပ်များကို စနစ်တကျသင်ကြားတတ်မြောက်ထားပါက ဝင်ငွေပိုမိုရရှိလာနိုင်

**ဘားအံ ဇွန် ၃၀**

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်မော်တာအပ်ချုပ်စက် သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။**



သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဆင့်မြင့်မော်တာအပ်ချုပ်စက် ပညာရပ်များကို စနစ်တကျသင်ကြားတတ်မြောက်ထားပါက မိသားစုအတွင်း လက်ဆင့်ကမ်းပညာအမွေ ပေးနိုင်ပြီး နိုင်ငံရပ်ခြား သွားရောက်လုပ်ကိုင်စားသောက်ရခြင်းမှကင်းဝေး၍ မိမိကိုယ်တိုင် ဆိုင်ဖွင့်ခြင်းဖြင့် ဝင်ငွေပိုမိုရရှိလာနိုင်ကာ မိသားစု စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပိုမိုပြည့်စုံအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား အပ်ချုပ်စက်တစ်လုံးစီ ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက သင်တန်းဆင်းအောင် လက်မှတ်များကို ပေးအပ်ကာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်က သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းခန်းမအတွင်းရှိ သင်တန်းဆင်း သင်တန်းသူများကိုယ်တိုင် ချုပ်လုပ်ထားသော သင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာမှ သင်တန်းသူ ၂၀ ဖြင့် ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးပြီး လုပ်ငန်းအတွေ့အကြုံရှိ သင်တန်းဆရာ ဆရာမများက စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

## လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနေသည့် ပြည်သူ့အကျိုးပြု ဇီးဖြူကုန်းရေတံခါး

**တွံတေး ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာ အနီးရှိ ကျေးရွာ ဇီးဖြူကုန်း ရေတံခါး တည်ဆောက်ထားသည့်အတွက်ကြောင့် မိုးရာသီတွင် တွံတေး တူးမြောင်းအတွင်း ဒီရေတက်ချိန် ပြင်ပရေများ ဇီးဖြူကုန်းကျေးရွာ အနီးတစ်ဝိုက်ရှိ ကျေးရွာနေ ဒေသခံ ပြည်သူများ၏ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးလျက် ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ဇီးဖြူကုန်း ရေတံခါးအမျိုးအစားမှာ သံကူကွန်ကရစ်ရေတံခါး ၆ ပေ x ၁၂ ပေ ခုနစ်ပေါက်ကို ၁-၁-၁၉၉၈ ခုနှစ်က စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၃၁-၇-၁၉၉၈ ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံက သိရသည်။

အဆိုပါရေတံခါးတည်ဆောက်ရခြင်းမှာ မိုးရာသီတွင် တွံတေး တူးမြောင်းအတွင်း ဒီရေတက်ချိန် ပြင်ပရေများကို ကွင်းအတွင်း ဝင်ရောက်ခြင်းမှ တားဆီးပေးခြင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေမယင်းကွင်းအတွင်းရှိ လယ်ယာမြေဧက ၇၅၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး၊ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်းပြီး မိုးစပါးအောင်ရေများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဆောင်းသီးနှံများအတွက် အစိုဓာတ် ထိန်းသိမ်းနိုင်ရေး၊ နွေရာသီတွင် ဆောင်းသီးနှံနှင့် နွေစပါးများ ပိုမိုစိုက်ပျိုးနိုင်စေရေး အတွက် တွံတေး တူးမြောင်းအတွင်း ရေငန်မထိုးမီ ရေချိုကို လုံလောက်စွာ ပေးသွင်းနိုင်ရေး၊ နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ကွင်းအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်ယာမြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများ တိမ်ကောမှုကို တားဆီးပေးနိုင်ရေး ရည်ရွယ်၍ ဇီးဖြူကုန်း ရေတံခါးကို ဒေသခံပြည်သူများ အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဇီးဖြူကုန်းရေတံခါးကို တည်ဆောက်ပေးခဲ့ရာတွင် ဒေသအတွင်းမှ ပြည်သူများ ဒေသထုတ်ကုန်များ အချိန်နှင့်တစ်ပြေးညီ ဈေးကွက်ရောက်ရှိစေရေး အတွက် ရေယာဉ် အဝင်/အထွက်တံခါးမှ အတွင်း၊အပြင် ရေထိန်းညှိပေးကာ ပဲ့ထောင်စက်လှေများကို အဝင်/အထွက်ပြုလုပ်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**မျိုးလှိုင်**
**(တွံတေး)**



ဇီးဖြူကုန်း ရေထိန်းတံခါးကို တွေ့ရစဉ်။



## ဇလွန်မြို့နယ်၌ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်း

**ဇလွန် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် မိတ်ဆက်ရှင်းလင်းပွဲကို ဇွန် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်တရားသူကြီး ဒေါ်စိမ်းမို့မို့က နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်အကြောင်းကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းခဲ့သည်။ ရှင်းလင်းပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်ညှိနှိုင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုထက်၊ ဟင်္သာတခရိုင်တရားသူကြီး ဒေါ်အေးအေးခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ ဇလွန်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဇလွန်မြို့မရဲစခန်းမှူးနှင့် နယ်မြေရဲစခန်းမှူး၊ အမှုစစ်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ချောင်းဦးမြို့နယ်၌ ဝါသီးနှံ ဧက ၄၅၀၀ ကျော် စိုက်ပျိုးပြီးစီး

**ချောင်းဦး ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ဘူတာကျေးရွာ၌ ယနေ့နံနက်ပိုင်းက ဝါစိုက်တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းပြီး တောင်သူ ဦးဝင်း၏ ယာမြေ ခုနစ်ဧကတွင် ဝါသီးနှံ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်သည် နှစ်စဉ်ဝါသီးနှံကို အဓိကထား စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်အတွက် စိုက်ပျိုးရန် လျာထားဧက ၇၇၉၅ ဧကဖြစ်ပြီး ယခုအချိန်အထိ ၄၅၅၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ယခုလို ဝါသီးနှံစုပေါင်းစိုက်ပျိုးရသည့် ရည်ရွယ်ချက်မှာ စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်များကို သုံးစွဲတတ်စေရေး၊ ဝါတစ်ဧကကို ပိဿာ ၁၀၀၀ ကျော် ထွက်ရှိစေရေးအတွက်ဖြစ်ကြောင်း တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ရှင်းပြသည်။

ဝါသီးနှံ အထွက်နှုန်းကောင်းမွန်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က မျိုးကောင်းမျိုးသန့်များဖြစ်သည့် ရွှေတောင် ၈၊ ရွှေတောင် ၁၀ မျိုးများ ဧက ၁၀၀ စိုက်ပျိုးရန် ထောက်ပံ့ခဲ့ပြီး ဒေသတွင်း၌ မျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေရန်အတွက် မျိုးစေ့ထုတ်သင်တန်းများ ဖွင့်လှစ်ပေး၍ အကျိုးတူတောင်သူများနှင့် စိုက်ပျိုးထားကြောင်း၊ ထွက်ရှိလာသော ဝါမျိုးစေ့များကို ဒေသတွင်းရှိတောင်သူများအား ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ဘယ်လင်း-စွန်ရဲ-ရွှေလုံဗိုလ်-ရဲရွာလမ်းပိုင်းရှိ ရေတိုက်စားနေသော လမ်းတာပေါင်များကို ပြုပြင်ပေးမည်

**ကျောက်ဆည် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနမှ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး ဘယ်လင်း-စွန်ရဲ-ရွှေလုံဗိုလ်-ရဲရွာလမ်းပိုင်းရှိ ရေတိုက်စားနေသော လမ်းတာပေါင်များကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံဖြင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဘယ်လင်း-စွန်ရဲ-ရွှေလုံဗိုလ်-ရဲရွာလမ်းပိုင်းရှိ ၃၄ မိုင် ၁ ဖာလုံခွဲနှင့် ၃၄ မိုင် ၄ ဖာလုံအတွင်းရှိ ရေတိုက်စားနေသည့် လမ်းပိုင်းနေရာများနှင့် ၂၈ မိုင် ၇ ဖာလုံနှင့် ၂၉ မိုင် ၁ ဖာလုံအကြားရှိ လမ်းပခုံးနေရာများတွင် ကျောက်ရိုးစီ မြေကာနံရံများ ပြန်လည် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာန အနေဖြင့် ပြည်သူတစ်ရပ်လုံး၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရန်အတွက် လမ်းများ၊ တံတားများ၊ လူနေထိုင်ရာ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အချိန်ကုန်သက်သာပြီး ကုန်ကျမှုစရိတ်သက်သာစေရန်၊ ဒေသထွက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ သယ်ယူရာတွင် အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ သယ်ယူနိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၇-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဖောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၂:၃၀** MRTV National News
**၁၂:၅၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
**၁၇:၁၀** Weekly Sports Info
**၁၇:၂၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇွန်လ)(ပထမပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'ကျွန်တော်ချစ်သောမိန်းမများ'** (အပိုင်း-၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** အာရှ-ပစိဖိတ်ရုပ်သံလွှင့်အဖွဲ့အစည်း၏ (၁၀)ကြိမ်မြောက်ဂီတပွဲတော်ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
**၂၂:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း **'နှောင်း'**

**mitv**

**07:02** Dhamma Settkyar (Nan Sandi)
**07:12** The Mandolinist
**07:39** Maha Myatmuni Buddha Image In Rakhine
**07:53** School for the Blind
**08:01** Myanmar Puppeteers (Duet Dance)
**08:11** Betel Nut Farmer
**08:24** Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1)
**09:01** News
**09:27** Global Partnership for Brighter Future: North Macedonia Pavilion at Expo 2020 Dubai
**09:34** Fine Arts Podium (Conch Shell Wind Instrument)
**09:49** Mon Traditional Dishes
**10:01** Historic Of Kyaukka Shwe Gu Ni Pagoda

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
နှစ်(၁၀၀)ကျော်ရှိပြီဖြစ်တဲ့ ကရင်ရိုးရာလုံချည်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပန်းလိုမွှေးရှုံ့စွမ်းသည့်ဆေး

**ချင်း(ဖလမ်) (၀၈:၀၀ မှ ၀၉:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်သားတို့၏ဘဝအကြောင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ငါးရံ့နှင့်ကြာရိုးဟင်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ကျိုင်းတုံဒေသရဲ့ သမိုင်းဝင်လက်ရာများ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
စာအတူတူဖတ်ကြရအောင်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခါကြက်ဥပူတင်းလုပ်ကြမယ်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
Welcome To Loikaw

**ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တန်ဖိုးမြင့်ထုတ်ကုန်ဖွဲ့နည်းဆီအစွမ်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇွန်လ)(အပိုင်း-၁)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာ ယူရီးယားမြေဩဇာ
**၀၆:၅၅** တန်ဖိုးမြင့်ထုတ်ကုန် ဖွဲ့နည်းဆီအစွမ်း
**၀၇:၅၀** ဆန်ရည်ဆန်သွေးအကြောင်းသိကောင်းစရာ
**၀၈:၀၀** ကျေးလက်ကွန်ရက်
**၀၉:၅၅** စပါးအထွက်နှုန်းတိုးစေရာ ဖွက်စင်းရောဂါ ကာကွယ်ပါ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂-၇-၂၀၂၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၄)၊ အမှတ်(၂၇) တွင် သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာထားကာ ကျွေးမွေးစောင့်ရှောက်ပါက မိမိအပေါ်တွင်လည်း ပြန်လည်ကောင်းမွန်နိုင်ကြောင်းကို တင်ဆက်ထားသည့်** "ထာဝရမိတ်ဆွေ" မျက်နှာဖုံးဇာတ်လမ်း၊ ကလေးများအနေဖြင့် ရေကို ကျန်းမာရေးနှင့်ညီညွတ်စွာ သောက်သုံးပုံများနှင့် ရေသောက်သုံးခြင်းဖြင့် ရရှိလာမည့် အကျိုးတရားများ၊ ရေလှူခြင်းဖြင့် ရရှိလာမည့် အကျိုးတရားများအကြောင်းကို ရေးဖွဲ့ထားသည့် "ရေ၏တန်ဖိုးနှင့် အကျိုးဆယ်ပါး" သုတဆောင်းပါး၊ မိုးရာသီတွင် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းပုံကို တင်ဆက်ထားသည့် "ရာဇာ ခရမ်း- မိုးနှင့်အတူ" နှစ်မျက်နှာကာတွန်း၊ ရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ရွာသူရွာသားများ၏ဒုက္ခကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သော မဥပြလေးအကြောင်းကို အတုယူဖွယ် ရေးဖွဲ့ထားသည့် "ရပ်ရွာအတွက် စွန့်စားသူ" ပုံပြင်၊ အိပ်မက်သော ဖိုးထူးအကြောင်းကို တင်ဆက်ထားသည့် "ဖိုးထူး" တစ်မျက်နှာကာတွန်း၊ မိမိ၏ မစဉ်းစားမဆင်ခြင်ပြောမိ၊ လုပ်ကိုင်မိသော အပြုအမူများကြောင့် ဒုက္ခနှင့်ကြုံတွေ့ရပုံကို ရေးဖွဲ့ထားသည့် "စကားဟူသည်" ဝတ္ထု၊ မိမိ၏ ကြွယ်ဝချမ်းသာမှုကို မြှောက်ပင့်ပြောဆိုသည်ကို ကျေနပ်နှစ်သက်သော သူဌေးကြီးနှင့် သူတစ်ပါးကို အကြောင်းအကျိုးမရှိဘဲ မြှောက်ပင့်စကားမဆိုတတ်သော လူငယ်လေးအကြောင်းကို တင်ဆက်ထားသည့် "ကောက်ပင်ရိတ်လှီး" နှစ်မျက်နှာကာတွန်း၊ စကားပြောဆိုရာ၌ အစ ပထမတွင် ဟုတ်တိပတ်တိရှိသော်လည်း နောက်ပိုင်းတွင် အဖျားရှူးသွားသည့် ဘုန်းကြီး ဦးမေခကို သင်္ဂဇာဆရာတော်မှ ဥပမာပေးပြောဆိုသည်ကို သရုပ်ဖော်တင်ဆက်ထားသည့် ကာတွန်းလွမ်းမောင်(သုဝဏ္ဏ) ၏ "အဖျားရှူးမသွားနဲ့ဦး" နှစ်မျက်နှာကာတွန်း၊ Adjective (နာမဝိသေသန) များ၏ အသုံးအနှုန်းနှင့် ဝါကျများတွင် Adjective များ ထည့်သွင်းအသုံးပြုပုံအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀-၆-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၅ ကျပ် | ၂၂၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၈၅ ကျပ် | ၂၃၃၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၉ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၃၈၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၇ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၇၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၂၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၃၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၂၅ | ၁၈၅၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၇၈ | ၂၀၆၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၁၀၀ | ၁၇၅၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅၀ | ၂၅၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၀၃၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းဆောင်ရွက်နိုင်မှု မရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ အင်းစိန်ပန်းခြံ၌Teenager Killer Force (TKF) အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် ကောင်းသီဟနိုင် (ခ)ဇင်ယော်၊ ငြိမ်းစုရည်ဖြိုး(ခ)ဝေယံ၊ မိုးပွင့်ဖြူ (ခ) လရောင်နှင့် ဝါဝါဦး (ခ) ပန်ပန်တို့အား လည်းကောင်း၊ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဒေါနလမ်းသွယ်(၁)ရှိ အိမ်အမှတ်(၅) ၌ ဉာဏ်လင်းထက် (ခ) ကိုဉာဏ်၊ အောင်မင်းခန့် (ခ) သခွားသီးနှင့် ထက်နန္ဒသိမ့် (ခ) နန္ဒတို့ကို လက်လုပ် Remote မိုင်း ၁ လုံး၊ Sound Box အတွင်း ထည့်သွင်း တပ်ဆင်ထားသည့် Remote မိုင်း ၁ လုံး၊ Keypad ဖုန်း ၁ လုံး၊ ကြယ်ဖြူတစ်လုံးပါ အလံ ၁ ခု တို့နှင့်အတူ ဖမ်းဆီးရမိသည်။

ထို့ပြင် ဇွန် ၁၆ ရက်တွင် သန့်ဇင်အောင်(ခ)TK Boss နှင့် အီးဝမ်းတို့သည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရေဝတီလမ်းပေါ်ရှိ ပွိုင့်ထိပ်မှတ်တိုင်အနီးတွင် မိုင်းထောင်ဖောက်ခွဲရန် လုပ်ဆောင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ တရားခံ ၂ ဦးသည် အနီးတွင် အသင့်ရပ်ထားသည့် ယာဉ်ပေါ်သို့ တက်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ယာဉ်ဖြင့်တိုက်၍ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ သန့်ဇင်အောင်(ခ) TK Boss ကို လက်လုပ်မိုင်း ၁ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အီးဝမ်းအား အသေဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။


ဖမ်းဆီးရမိတရားခံ သန့်ဇင်အောင် (ခ) TK Boss ၏ ထွက်ဆိုချက်အရ သဃ်န်းကျွန်းမြို့နယ်အမှတ် (၁၃) ရပ်ကွက် တိုက်အမှတ် (၃၈၁) အခန်းအမှတ် (A-5) သို့ သွားရောက်ရှာဖွေခဲ့ရာ Yangon Union Young Organization-YUYO အမည်ခံ အကြမ်းဖက်အဖွဲ့မှ

*စာမျက်နှာ ၂၁ သို့*



၂၀၂၂ ခုနှစ် မေ ၁၇ ရက်တွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ရစဖမှူးအား အကြမ်းဖက်သမားများမှ သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံများအား လက်လုပ်မိုင်းများနှင့်အတူ ဖမ်းဆီးရမိမှု






၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်တွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဒေါနလမ်းသွယ်(၁)ရှိ အိမ်အမှတ်(၅)၌ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်ရှိ မြို့နယ်တရားရုံးရှေ့၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း ယာဉ်ငယ်စစ်ဆေးရေးဂိတ်တွင် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လောက်ကိုင်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် KANGDA 125 အမျိုးအစား ဆိုင်ကယ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါ ဆိုင်ကယ်များ တင်ဆောင်လာသည့် Toyota Wish အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)နှင့် Nissan AD Van အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇွန် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော အဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကြွေပြားချပ် ၁၉၄၈ ချပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၈၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Chenglong အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇွန် ၃၀ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်များအတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ (၁၁ ဒသမ ၀၂၅၆) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၀၃၈၈)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၂၈၃၈၈)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဖျာပုံမြို့နယ်အတွင်း တရားမဝင် မျောသစ် ၄၁၅၀ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အရှေ့ရိုးမကြိုးဝိုင်းအတွင်းနှင့် သရက်မြို့နယ်များအတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၃၂၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၅၇၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ယင်းအပြင် ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်နှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးစီးဘက်ထရီဆိုင်ကယ် အစီး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို လည်းကောင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇွန် ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း Nissan AD Van အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၈ ရက်၊ ၂၉ ရက်၊ ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၈ )မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၉၉၉၆၄ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အလုံမြို့နယ်တွင် SKY WAY စားသောက်ဆိုင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်ရှိ SKY WAY စားသောက်ဆိုင်တွင် ဇွန် ၂၉ ရက် ည ၁၀ နာရီ ၂၃ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်ရှိ SKY WAY စားသောက်ဆိုင်တွင် တပ်ဆင်ထားသော အဲကွန်းဆော့ကတ် အပူလွန်ကဲရာမှ စတင်မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းစန်းအေးနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ၁၅ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီးတို့ဖြင့် Level-2 အဆင့်ရှိ ယာဉ်များဖြင့် ရောက်ရှိမီးငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီတွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်ခဲ့မှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ထက်တံခွန်(အလုံ)**

*စာမျက်နှာ ၂၀ မှ*

လွင်ဦးမောင်နှင့် ချစ်ကိုကို (ခ) ချစ်မင်းလှိုင်တို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံအမျိုးသား ၆ ဦး၊ အမျိုးသမီး ၄ ဦး ပေါင်း ၁၀ ဦးတို့ကို လက်လုပ် Remote မိုင်း ၂ လုံး၊ Sound Box အတွင်း ထည့်သွင်း တပ်ဆင်ထားသည့် Remote မိုင်း ၁ လုံး၊ Keypad ဖုန်း ၁ လုံး၊ ကြယ်ဖြူတစ်လုံးပါ အလံ ၁ ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ငြိမ်းစုရည်ဖြိုး (ခ)ဝေယံ၊ မိုးပွင့်ဖြူ (ခ)လရောင်နှင့် ဝါဝါဦး(ခ)ပန်ပန်၊ ဉာဏ်လင်းထက်(ခ)ကိုဉာဏ်နှင့် အောင်မင်းခန့်(ခ) သခွားသီးတို့သည် ၂၀၂၁ ခုနှစ် ဇွန်လတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် အတွင်းရှိ TNLA အဖွဲ့၊ တပ်မဟာ (၆)တွင် အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းအား ၁၀ ရက် တက်ရောက်ခဲ့ကြောင်း၊ ဇူလိုင်လတွင် ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် TKF အမည်ခံ အကြမ်းဖက်အဖွဲ့အား ငြိမ်းစုရည်ဖြိုး(ခ)ဝေယံ ခေါင်းဆောင်၍ ကောင်းသီဟနိုင် (ခ) ဇင်ယော်၊ မိုးပွင့်ဖြူ(ခ) လရောင်နှင့် ဝါဝါဦး (ခ)ပန်ပန်၊ ဉာဏ်လင်းထက်(ခ) ကိုဉာဏ်နှင့် အောင်မင်းခန့်(ခ) သခွားသီး၊ ထက်နန္ဒသိမ့်(ခ)နန္ဒ တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ဒီဇင်ဘာလတွင် YUYO အမည်ခံ အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန် တရားခံ ကြောင်နက်မှ ခေါင်းဆောင်၍ လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ)ချစ်မင်းလှိုင်တို့ အပါအဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ TKF နှင့် YUYO အမည်ခံအကြမ်းဖက် အဖွဲ့များသည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်မှု ၁ ကြိမ်၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အကြမ်းဖက် ဖောက်ခွဲမှု ၆ ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ➢ ၂၀၂၂ ခုနှစ် မေ ၁၇ ရက်တွင် တရားခံ ချစ်ကိုကို(ခ) ချစ်မင်းလှိုင်သည် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ရစဖမှူး ဦးလှမိုးကို လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ လုပ်ကြံသတ်ဖြတ်ရခြင်းမှာ ဧပြီ ၅ ရက်တွင် အင်းစိန်မြို့နယ် BOC မှတ်တိုင်အနီးတွင် ရန်ကုန်မြို့အတွင်း အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်နေသည့် သီရိဝေ (ခ) မဝေကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ သားဖြစ်သူ သန့်ဖုန်းဝေယံ၊ ၃ နှစ်မှာ အုပ်ထိန်းသူမရှိ ဖြစ်နေသောကြောင့် သီရိဝေ(ခ) မဝေ၏ သဘောဆန္ဒအရ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် အလုံမြို့နယ် စက်တွင်းလမ်းရှိ Best Choice မူကြိုကျောင်းမှ သွားရောက် ခေါ်ယူကာ မိခင်နှင့်အတူ နေထိုင်ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း၊ သို့သော် တရားခံ ချစ်ကိုကို (ခ) ချစ်မင်းလှိုင်သည် အဆိုပါ ဖြစ်စဉ်ကို သိရှိခြင်း မရှိဘဲ ရစဖမှူး ဦးလှမိုးကို ရန်ညှိုးထားရှိကာ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း။
- ➢ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ)ချစ်မင်းလှိုင်တို့သည် ကြည့်မြင်တိုင်မြို့နယ်ရှိ မြို့နယ်တရားရုံးရှေ့၌ လည်းကောင်း၊ ယမုံနာဈေးတွင် လည်းကောင်း လက်လုပ်မိုင်း ၂ လုံး ဖောက်ခွဲခဲ့ကြောင်း။
- ➢ မတ် ၃၁ ရက်တွင် လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ) ချစ်မင်းလှိုင် တို့သည် ကြည့်မြင်တိုင် မြို့နယ်ရှိ ဟံသာဝတီ မီးရထားဘူတာရှေ့ရှိ ဟံသာဝတီဂိတ်စ်ဆိုင်အနီးတွင် လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ရဲစခန်းဝင်းအတွင်း၌ လည်းကောင်း လက်လုပ်မိုင်း ၂ လုံး ဖောက်ခွဲခဲ့ကြောင်း။
- ➢ ဧပြီ ၁၃ ရက်တွင် လွင်ဦးမောင်နှင့် ချစ်ကိုကို(ခ) ချစ်မင်းလှိုင် တို့သည် ကြည့်မြင်တိုင် မြို့နယ် ဦးကြွယ်ဟိုးလမ်းရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်ရှေ့တွင် လက်လုပ်မိုင်း ၁ လုံး ဖောက်ခွဲခဲ့ကြောင်း။
- ➢ ဇွန် ၁၆ ရက်တွင် သန့်ဇင်အောင်(ခ)TK Boss သည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ဧရာဝတီလမ်းရှိ ရဲကင်းရုံအား လက်လုပ်မိုင်း ၁ လုံး ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ပေးအပ်ချီးမြှင့်လျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့နေသူများဖြစ်သည့် ဝဥ္စာကြည်လွင်(ခ)ဝဥ္စာ (၂၂)နှစ်၊ ဇော်မျိုးအေး(ခ) ပုရွက်ဆိတ် (၂၀)နှစ်၊ ငွေဟိန်း (ခ) ကိုဟိန်း (၂၄)နှစ်နှင့် ကျော်သူရအောင်(ခ) သရဲ (၃၄)နှစ်တို့ လေးဦးသည် ၎င်းတို့အသုံးပြုသည့် “Wanar” Facebook အကောင့်၊ “Zaw Myo Aye” Facebook အကောင့်၊ “Ko Hein” Facebook အကောင့်နှင့် “Kyaw Thura Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ထွန်းလင်းမြတ်(ခ) ကုလားလေး(၂၀)နှစ်သည် ၎င်းအသုံးပြုသည့် “Htun Lin Myat” Facebook အကောင့်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ပိတောက်မြိုင်ရပ်ကွက်နေ ထက်အောင်လင်းသည် ၎င်းအသုံးပြုသည့် “ Htet Aung Lin” Facebook အကောင့်၊ ဒက္ခိဏသီရိမြို့နယ်နေ အိအိငြိမ်းသည် ၎င်းအသုံးပြုသည့် “Ei Ei Nyein” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ကို မိုင်းထောင်ဖောက်ခွဲရန် ကြိုးပမ်းသူအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် လက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲရန် ကြိုးပမ်းစဉ်



ထက်အောင်ကို (ခ)
ကိုအောင်

ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါ မိုင်းထောင် ဖောက်ခွဲသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက် ဗိုလ်ဗထူးလမ်း မြန်မာ့စီးပွားရေးဘဏ်ရှေ့ရှိ စင်္ကြံလမ်း၌ ပေါက်ကွဲသံကြားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မီးသွေးဆောင်၊ အခန်း(၂)၊ ဗထူး(၉) လမ်း၊ (၂)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေသူ ထက်အောင်ကို (ခ) ကိုအောင် (၁၆)နှစ်(ဘ)ဦးတင်ဦးကို တွေ့ရှိရကာ ၎င်း၏ ဘေးလွယ်အိတ်အတွင်းမှ လက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲရန် ကြိုးပမ်းစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ထက်အောင်ကိုအား မိုင်းစထိမှန်ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။







သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းနှင့် လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့်နေရာ။

CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်ပွားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အသက်ငယ်ရွယ်သူများကို မက်လုံးပေးစေခိုင်း၍ မိုင်းထောင် ဖောက်ခွဲစေခဲ့ခြင်းဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို ထိရောက်စွာ အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေဘိုမြို့နယ် ကော့ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးတစ်လုံးလာရောက်ပစ်ချ၊ စာသင်ကျောင်းအမိုးအနည်းငယ်ပျက်စီး





ရွှေဘိုမြို့နယ် ကော့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား PDF အကြမ်းဖက်သမားများက Drone ယာဉ်ဖြင့် လက်လုပ်ဗုံး တစ်လုံးပစ်ချခဲ့၍ စာသင်ကျောင်းအမိုး အနည်းငယ်ပျက်စီးခဲ့မှု။

**နေပြည်တော် ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကော့ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးတစ်လုံး လာရောက်ပစ်ချပေါက်ကွဲခဲ့သဖြင့် စာသင်ကျောင်းအမိုးအနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၉ ရက် ည ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကော့ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်း အခြေပြု၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက ဘိုးတော်တောကျေးရွာဘက်မှနေ၍ Drone ယာဉ်တစ်စီးအား အသုံးပြု၍ လက်လုပ်ဗုံးတစ်လုံး လာရောက်ပစ်ချခဲ့ရာ လက်လုပ်ဗုံးမှာ စာသင်ကျောင်းအမိုးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာမရရှိသော်လည်း စာသင်ကျောင်းအမိုးအနည်းငယ် ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့် အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော်  ဇွန်  ၃၀**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ နိုင်နိုင်လွင်(ခ) ကိုနိုင်၊ မအေးအေးခိုင်နှင့် မသော်သော် တို့က တစ်မြို့တည်းနေ မ --- ၂၁ နှစ်နှင့် ရွှေပြည်သာမြို့နယ်နေ မ --- ၁၇ နှစ်တို့ကို တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေ ၁၀ သိန်းရမည်၊ ရွှေနှင့် ဖုန်းများရမည်၊ တစ်နှစ်ခန့်သာ ပေါင်းသင်းရမည်ဟု ပြောဆိုစည်းရုံး၍ ထောက်ခံစာနှင့် အိမ်ထောင်စုစာရင်း(မိတ္တူ)အတုများ ပြုလုပ်ပေးပြီး မူဆယ်မြို့သို့ ခေါ်ဆောင်ကာ တရုတ်နိုင်ငံနေ မမေသီဦးနှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်နေစဉ် ဖမ်းဆီးရမိသဖြင့် မူဆယ်မြို့မရဲစခန်း (ပ) ၆၂၃ / ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/ ၂၆(ခ)/ ၃၂ ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ နိုင်နိုင်လွင်(ခ)ကိုနိုင်၊ မမေသီဦး၊ မအေးအေးခိုင်တို့အား ဇွန် ၂၉ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မမေသီဦးအား တရားခံပြေး ကြေညာခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဒေါ်ဝါဝါစိုးက တစ်မြို့နယ်တည်းနေ မ --- ၂၁ နှစ်ကို တရုတ်အမျိုးသား ဓာတ်ပုံပြသ၍ လက်ထပ် ပေါင်းသင်းရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ကာ ဓာတ်ပုံပြသသည့် အမျိုးသားနှင့်မဟုတ်ဘဲ စိတ်ကျန်းမာရေးမကောင်းသည့် တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ပေါင်းသင်းစေကာ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း(ပ)၄၉၀၅/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ဒေါ်ဝါဝါစိုး ကို ဇွန် ၂၉ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန်  ဇွန်  ၃၀**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ၂၀၂၂ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမားများ ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**–ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**– ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြများ**– ဒေါ်စန်းစန်းမော်၊ ဒေါ်အေးနန္ဒာလှိုင်၊ ဒေါ်နုနုခိုင်ဝင်း၊ **ဂိုးနည်းပြ**– ဦးယဉ်မင်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**– မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ **နောက်တန်း**– ဖြူဖြူဝင်း၊ ချစ်ချစ်၊ ခင်သန်းဝေ၊ နန့်ဇူးဇူးထက်၊ အေးအေးမိုး၊ မေဖူးကို၊ ခင်မျိုးဝင်း၊ မိုးမမစိုး၊ ခိုင်သဇင်၊ ဇွန်ယုယဦး၊ **အလယ်တန်း**– ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ပုံ့ပုံ့ပြည့်မောင်၊ ဝင်းဝင်း၊ နှင်းပွင့်အေး၊ လင်းမြင့်မိုရ်၊ ဝေဖူးအိမ်၊ နော်ထက်ထက်ဝေ၊ ယဉ်လွန်းအိမ်၊ ခင်မိုးဝေ၊ **ရှေ့တန်း**– ဝင်းသီရိဂီထွန်း၊ ဂျူလိုင်ကျော်၊ မြတ်နိုးခင်နှင့် စန်းသော်သော်တို့ ပါဝင်ကြသည်။ ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး ယူ–၁၈ အမျိုးသမီးအသင်းမှ ကစားသမားအချို့လည်း ရွေးချယ်ခံထားရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုပြိုင်ပွဲအတွက် ဇွန် ၆ ရက်တွင် စတင်လေ့ကျင့်ခဲ့သော်လည်း ဇွန် ၉ ရက်မှ ကစားသမားအစုံအလင် လေ့ကျင့်နိုင်ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအပြီး တစ်လကျော်အကြာတွင် ကျင်းပခြင်းဖြစ်သောကြောင့် မြန်မာအပါအဝင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ပြင်ဆင်ချိန်နည်းပါးမည် ဖြစ်သည်။

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တီမော၊ လာအိုတို့နှင့် အုပ်စု (ခ) တွင် ပါဝင်နေသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဇူလိုင် ၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

**ရဲရင့်လွင်**


## အမည်မှန်

မိတ္ထီလာမြို့၊ အလက သံဘို Grade–9 မှ မနန်းအိဇော်နှင့် Grade–7 မှ မောင်စိုင်းခန့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၉/မလန(နိုင်)၁၂၁၅၃၅ ဖြစ်ကြောင်းနှင့် နန်းအိဇော်၏ အမည်မှန်မှာ မနီလာလွင်ဖြစ်ကြောင်း။

## မိဘအမည်မှန်

တောင်ငူမြို့၊ အမှတ်(၃) အထက ၂၀၁၉–၂၀၂၀ ပညာသင်နှစ် ဒသမတန်းမှ မနှင်းဝတ်ရည်ဇော်၏ မိဘအမည်မှန်မှာ ဦးဇော် ၇/တငန (နိုင်)၁၂၄၆၂၈–ဒေါ်မိုးမိုး ၇/တငန (နိုင်) ၀၃၅၄၉၁တို့ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မရီချိုကြီး ၁/တနန(နိုင်) ၀၁၆၂၇၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၉၄၇၄၀၄၂၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/1482 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## အများသိစေရန်

တောင်ငူမြို့၊ (၈)ရပ်ကွက်၊ စတီးလမ်းနေ ဦးစိုးမြင့် ၇/တငန (နိုင်)၀၂၀၇၇၁နှင့်ဒေါ်မြင့်မြင့်စိန် ၇/တငန(နိုင်) ၀၂၀၇၈၇တို့၏သား ဦးရဲအောင် ၇/တငန(နိုင်) ၁၁၅၃၇၆ သည် ပြောဆိုဆုံးမခြင်းကို နာခံမှုမရှိဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (စီမံ) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၇) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| (ခ) | အငယ်တန်းစာရေး (ထုတ်လုပ်) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၅) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| (ဂ) | စာရင်းကိုင် – ၄ (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၃) နေရာ | လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်C.PA(သို့)ဝါဏိဇ္ဇဘွဲ့ B.Com(သို့)ဘွဲ့တစ်ခုခုရရှိပြီး စာရင်းကိုင် ဒီပလိုမာ D.A အောင်ရမည်။ (သို့မဟုတ်) L.C.C.I Level II (London) Chamber of Commerce and Industryမှ ချီးမြှင့်သော အောင်လက်မှတ်ဖြစ်ရမည်။ |
| (ဃ) | ယာဉ်မောင်း – ၄ (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၁) နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။ယာဉ်မောင်းလိုင်စင် (င) ရှိရမည်။ |
| (င) | ပုံနှိပ်ကျွမ်းကျင် (၄)(နှုန်းတွက်) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၂) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| (စ) | စက်မှုကျွမ်းကျင် – ၄ (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၇) နေရာ | အနည်းဆုံးအစိုးရစက်မှုလက်မှုအထက်တန်းကျောင်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဆ) | ပုံနှိပ်ကျွမ်းကျင် – ၄(စာစီ) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၈) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| (ဇ) | ယာဉ်မောင်း – ၅ (၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀) | (၁) နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။ယာဉ်မောင်းလိုင်စင်(ခ)သက်တမ်း(၂)နှစ်ရှိရမည်။ |
| (ဈ) | ပုံနှိပ်ကျွမ်းကျင် – ၅ (စက်) (၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀) | (၅) နေရာ | အခြေခံပညာအလယ်တန်းအောင်ရမည်။ |
| (ည) | ပုံနှိပ်ကျွမ်းကျင် – ၅ (စာအုပ်ချုပ်) (၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀) | (၅) နေရာ | အခြေခံပညာအလယ်တန်းအောင်ရမည်။ |

၂။ လျှောက်ထားသူသည် –
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (ဂ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ( ၁ – ၇ – ၂၀၂၂)ရက်နေ့တွင် အသက် (၂၅)နှစ်ထက်မကြီးရ။ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။(ယာဉ်မောင်း–၄ရာထူးအတွက် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ်နှင့် ဝန်ထမ်းဖြစ်ပါက အသက်(၄၀) နှစ်ထက်မကြီးသူ ဖြစ်ရမည်။)
- (ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးအကျဉ်းနှင့် အောက်ပါအထောက်အထားများ ပူးတွဲလျက် "ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်"ဟု လိပ်စာတပ်၍ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲသို့လည်းကောင်း၊ အမှတ် (၄၈) လမ်း၊ (၁၀၅) (၁၀၆)ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်ရှိ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံသို့လည်းကောင်း၊ ( ၃၁ – ၇ – ၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်–
- (က) ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ/ ရာထူးများအလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)။
- (ခ) ဒီပလိုမာအောင်လက်မှတ်များရှိပါကမိတ္တူ။
- (ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)။
- (ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်းတို့မှ ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
- (င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
- (စ) ပြင်ပမှ လျှောက်ထားသူများအတွက် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ။ (ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)
- (ဆ) (၁) လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။
- (ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
- (ဈ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။

၄။ လျှောက်လွှာပိတ်ရက် ( ၃၁ – ၇ – ၂၀၂၂ ) ရက်နေ့ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၅။ အရည်အချင်းစစ်ရေးဖြေစစ်ဆေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၆။ အပိုဒ်၁၊ (က)( ခ )( ဂ )( င )( စ )(ဆ) ပါ ရာထူးများအတွက် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များပါဝင်သော အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား (၂) နာရီမေးခွန်းဖြင့် (၁ –၉ –၂၀၂၂) ရက်နေ့ (နံနက် ၁၀:၃၀ နာရီ)၌ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှုနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ပါသည်။

၇။ အပိုဒ်၁၊ (ဃ) (ဇ) ပါ ရာထူးများအတွက် ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းနှင့် လူတွေ့ စစ်ဆေးခြင်းတို့ကို (၂ – ၉ – ၂၀၂၂)ရက်နေ့ (နံနက် ၁၀:၃၀ နာရီ)၌ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၈။ အပိုဒ် ၁၊ (ဈ)(ည)ပါ ရာထူးများအတွက် လူတွေ့စစ်ဆေးခြင်းကို (၂– ၉–၂၀၂၂)ရက်နေ့ (နံနက် ၁၀:၃၀ နာရီ)၌ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၉ – ၈ – ၂၀၂၂) ရက်နေ့တွင် ရုံးအမှတ် (၇)၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌လည်းကောင်း၊ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၁၀။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီးအသေးစိတ်သိရှိလိုပါက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ် –၀၆၇ – ၄၁၂၂၀၃/ ၀၆၇ – ၄၁၂၂၀၅၊ ၀၁ – ၂၅၁၈၉၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## စာမေးပွဲဖြေဆိုမည့်ရက်သတ်မှတ်ခြင်း

**ကြော်ငြာစာအမှတ်(၂/၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်**
**၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်**

၁။ ၁၀–၆–၂၀၂၂ ရက်နေ့တွင် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)/ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)ရာထူး နေရာများတွင် ဖြည့်စွက်ခန့်ထားရန်အတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်–

| ရက်စွဲ | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၇–၇–၂၀၂၂(တနင်္ဂနွေနေ့) | မြန်မာစာ | ၀၉:၀၀ နာရီမှ ၁၀:၀၀ နာရီထိ |
| ၁၇–၇–၂၀၂၂(တနင်္ဂနွေနေ့) | အင်္ဂလိပ်စာ | ၁၀:၀၀ နာရီမှ ၁၁:၀၀ နာရီထိ |
| ၁၇–၇–၂၀၂၂(တနင်္ဂနွေနေ့) | အထွေထွေဗဟုသုတ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ |

၂။ ဖြေဆိုခွင့်ရသည့် ခုံအမှတ်နှင့် စာဖြေဌာနကို လျှောက်လွှာတင်သွင်းခဲ့သော နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် သွားရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖြေဆိုခွင့်ကတ်များကို ဇူလိုင်လ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါ စာဖြေဌာန(၃)ခုအနက် မိမိဖြေဆိုရမည့် စာဖြေဌာနများ တည်ရှိရာ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၌ နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း) (သို့) ယာယီဘွဲ့ထောက်ခံစာ(မူရင်း)၊ အခြေခံပညာအထက်တန်းအောင်လက်မှတ် (မူရင်း) (သို့) သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ(မူရင်း)များကို ပြသ၍ ဓါတ်ပုံ (၁)ပုံနှင့်အတူ သွားရောက်ထုတ်ယူရန် ဖြစ်ပါသည်–

- (က) **မန္တလေးစာဖြေဌာန(မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
  ကချင်၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး(မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရ၊ ပြင်ဦးလွင်၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ တံတားဦး၊ မြင်းခြံ၊ ညောင်ဦးခရိုင်များ)၊ ရှမ်း(တောင်၊ မြောက်)
- (ခ) **ရန်ကုန်စာဖြေဌာန(ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
  ကရင်၊ တနင်္သာရီ၊ ပဲခူး(ပဲခူး၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီ၊ နတ်တလင်းခရိုင်များ)၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ
- (ဂ) **နေပြည်တော်စာဖြေဌာန(နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)**
  ကယား၊ ပဲခူး(တောင်ငူခရိုင်)၊ မကွေး၊ မန္တလေး(ရမည်းသင်း၊ မိတ္ထီလာခရိုင်များ)၊ ရှမ်း(အရှေ့)၊ နေပြည်တော်၊ ရုံးချုပ်

၃။ အသေးစိတ်ကို သိရှိလိုပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၁၀)၊ ဖုန်း ၀၆၇–၃၄၁၂၇၉၁၊ မန္တလေးစာဖြေဌာန ဖုန်း ၀၂–၄၀၃၉၀၈၁၊ ၀၂–၄၀၂၄၉၈၂၊ ရန်ကုန်စာဖြေဌာန ဖုန်း ၀၁–၈၃၁၇၅၃၆၊ ၀၁–၈၃၀၂၁၇၉နှင့် နေပြည်တော်စာဖြေဌာန ဖုန်း ၀၆၇–၅၅၀၁၃၅၊ ၀၆၇–၅၅၀၂၀၆ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**


## ဖခင်အမည်မှန်

ထီးချိုင့်မြို့ အထက နဝမတန်း (ဘောဂ)မှ မအိန္ဒြာသီရိမိုး၏ ဖခင်အမည် မှန်မှာ ဦးခင်မောင်ထွန်း ၅/ထခန(နိုင်) ၀၁၈၀၁၀ဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွန်း**

## မိခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက (၂)၊ Grade–8 မှ မပိုးအိမ့်ခြူး၏ မိခင်အမည် မှန်မှာ ဒေါ်တင်သီရိလင်းဖြစ်ပါကြောင်း။

**ဒေါ်တင်သီရိလင်း**

## ဖခင်အမည်မှန်

ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ အလက(တောင်အင်း) Grade–9 မှ မအိအိနိုင် ၉/စကန(နိုင်)၁၂၆၅၈၀၏ ဖခင်အမည်မှန်မှာ ဦးဆန်းထွန်းအောင်ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၄၂၇၇၀, Suzuki Shooter 115, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်လှ ၈/သရန(နိုင်)၀၅၀၄၆၇ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

## သားသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ် ဒုရင်ဗိုလ်အုပ်စု၊ ကသစ်ကန်ကျေးရွာနေ မသန်းသန်း ၈/အလန (နိုင်) ၁၀၂၄၂၃သည် မိဘ၊ မောင်နှမသားသမီးမိသားစုအပေါ် တန်ကြေးမဲ့စရိုက်ဆိုးများ ပြုကျင့်ပြီး ကိုယ်စိတ်ဆင်းရဲစေကြောင်း အမှုကိုသာပြုကျင့်နေသည့်အပေါ် လုံးဝသည်းခံနိုင်စွမ်းမရှိသည့်အတွက် မိခင် ဒေါ်လုံးကျစ် ၈/မထန(နိုင်) ၀၃၂၉၈၅ က သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်–ဒေါ်လုံးကျစ် ၈/မထန(နိုင်) ၀၃၂၉၈၅(ကသစ်ကန်ကျေးရွာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ နဝဒေးရပ်ကွက်၊ ကွင်းအမှတ်–၄၀၄A၊ နဝဒေးပွဲရုံတန်းကွက်ရှိ လက်ရှိတွင် ဒေါ်တင်တင်အေးလွင် ၁၂/ဥကတ(နိုင်)၀၀၇၇၉၇ အမည်ပေါက်ဖြင့် ပိုင်ဆိုင်သည့် ဦးပိုင်အမှတ် (၁၁၆)၊ ၀ဒသမ၁၁၂ကေရှိ မြေကွက်အား ကျွန်ုပ် ဦးထွန်းသိန်းက ဝယ်ယူပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးထွန်းသိန်း ၇/ပမန(နိုင်)၁၀၆၇၀၀**

**ဖုန်း–၀၉–၅၃၁၀၂၆၂၊ ပြည်မြို့**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာ (၁၅)လမ်း၊ တိုက်အမှတ်(၆၅၂)၊ စတုတ္ထထပ် (၅လွှာ)(အလယ်ခန်း)၊ အခန်းအမှတ် (6–B)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ထွေး ၁၂/ဥကမ(နိုင်) ၁၉၈၆၂၂ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေဝယ် ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေဝင့်ဝါထွန်း(စဉ်–၁၆၅၀၄)   ဒေါ်စန်းစန်းမော်(စဉ်–၇၉၆၆)**
**ဒေါ်ခိုင်ဇာလင်း(စဉ်–၁၇၇၇၅)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၄၂၈)၊ သုမာလာ(၁)လမ်း၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၂၅၄၄၉၁၂၄၈**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ Sanchaung Garden Condo၊ Level -10၊ အခန်းအမှတ် (M-1003) နေထိုင်သော ဒေါ်နီနီစန်း(ဘ)ဦးကွန်ဗျို ၁၀/သဖရ(နိုင်)၀၈၄၈၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

(၄/၄၅၀၄) (၄/၄၅၀၅)

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီဆန်းသည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၁-၆-၂၀၂၂)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၄/၄၅၀၄)နှင့် (၄/၄၅၀၅)ဖြင့် တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ဖြစ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ်ဖြင့် အဖျော်ယမကာဝန်ဆောင်မှုလုပ်ငန်း၊ ကော်ဖီဝန်ဆောင်မှုလုပ်ငန်း၊ အစားအသောက် တည်ခင်းဧည့်ခံခြင်း၊ အားလပ်ရက်အတွက် အခန်းငှားရမ်းခြင်းဝန်ဆောင်မှု၊ အပန်းဖြေရန်အတွက် အခန်းငှားရမ်းခြင်းဝန်ဆောင်မှု၊ စားသောက်ဆိုင်ဝန်ဆောင်မှုများ၊ သရေစာဝန်ဆောင်မှုများ၊ အဝေးယူဆောင်သွားခြင်း စားသောက်ဆိုင်ဝန်ဆောင်မှုများအား ဖော်ပြပါကုန်အမှတ်တံဆိပ်အတိုင်း ဆေးရောင်အမျိုးမျိုး အရွယ်အစားအမျိုးမျိုးဖြင့် ပြောင်းလဲ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဆိုင်များဖွင့်လှစ်၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များသည် ဒေါ်နီနီစန်း၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ကုန်အမှတ်တံဆိပ်များဖြစ်ကြောင်းနှင့် အဆိုပါကုန်အမှတ်တံဆိပ်များအား မိမိ၏ခွင့်ပြုချက်မရှိဘဲ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်မိခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်အောင်**
**အထက်တန်းရှေ့နေ (၄၁၈၉၈)**
**ဖုန်း-၀၉-၅၀၅၁၆၇၇**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ Sanchaung Garden Condo၊အမှတ်၁၀၀၃၊မှတ်ပုံတင်ပြီးဖြစ်သော ရုံးခန်းဖွင့်လှစ်တည်ထောင်ထားသည့် Merry Queen Co.,Ltd. ကိုယ်စား ဒါရိုက်တာအဖြစ် ဆောင်ရွက်နေသော ဒေါ်နီနီစန်း(ဘ)ဦးကွန်ဗျို ၁၀/သဖရ(နိုင်)၀၈၄၈၈၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

(၄/၄၅၀၃)

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီဆန်းသည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၁-၆-၂၀၂၂)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၄/၄၅၀၃)ဖြင့် တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ဖြစ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ်ဖြင့် အဝတ်အစားများ၊ ကုတ်အင်္ကျီ၊ ဝတ်စုံများ၊ အပေါ်အင်္ကျီများ၊ ညအိပ်ဝတ်စုံများ၊ ရှပ်အင်္ကျီများ၊ စကပ်များ၊ အသားကပ်ခြေအိပ်ရှည်များ၊ ဝန်ထမ်းဝတ် ဂျက်ကတ်များ (အဝတ်အထည်များ)၊ ဘောင်းဘီရှည်များ/အောက်ခံဘောင်းဘီများ၊ ယူနီဖောင်းများ၊ ကုတ်အင်္ကျီအောက်ခံ ကိုယ်ကျပ်အင်္ကျီများ/စွပ်ကျယ်အင်္ကျီများအား ဖော်ပြပါ ကုန်အမှတ်တံဆိပ်အတိုင်း ဆေးရောင်အမျိုးမျိုး အရွယ်အစားအမျိုးမျိုးဖြင့် ပြောင်းလဲ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းတွင် လက်လီလက်ကားဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် ဒေါ်နီနီစန်း၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ကုန်အမှတ်တံဆိပ်များဖြစ်ကြောင်းနှင့် အဆိုပါကုန်အမှတ်တံဆိပ်အား မိမိ၏ခွင့်ပြုချက်မရှိဘဲ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်မိခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်အောင်**
**အထက်တန်းရှေ့နေ (၄၁၈၉၈)**
**ဖုန်း-၀၉-၅၀၅၁၆၇၇**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၉၄

ပုံလွန်တော်မူပြီးဖြစ်သူ ဆရာတော် ဦးပဏ္ဍဝ ၁၂/မဂတ(သ)၀၀၀၂၅၈၌ ကျန်ရစ်သော မြန်မာ့စီးပွားရေးဘဏ်(၁)တွင် ငွေစုစာရင်းအမှတ်(SP-023251)မှ စုဆောင်းလက်ကျန်ငွေ(၁၀၀၀၃၃၃၃.၂၈)ကျပ် အကြောင်း-

ဦးပညာသာမိ လျှောက်ထားသူ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သိရီမာလာအနောက်၊ ချမ်းသာကြီးမြောက်တိုက်၊ ရွှေမုဋ္ဌောကျောင်းနေ ဦးပညာသာမိက ပုံလွန်တော်မူပြီးဖြစ်သူ ဆရာတော် ဦးပဏ္ဍဝ ၁၂/မဂတ(သ)၀၀၀၂၅၈၏ တပည့်အရင်းဖြစ်သည်ဟူ၍ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သိရီမာလာအနောက်၊ ချမ်းသာကြီးမြောက်တိုက်၊ ရွှေမုဋ္ဌောကျောင်းနေ ၎င်းပုံလွန်တော်မူပြီးဖြစ်သူ ဆရာတော် ဦးပဏ္ဍဝ ၁၂/မဂတ(သ)၀၀၀၂၅၈ရရန်ကျန်ရစ်သော မြန်မာ့စီးပွားရေးဘဏ်(၁)တွင်ငွေစုစာရင်းအမှတ် (SP-023251)မှစုဆောင်းလက်ကျန်ငွေ(၁၀၀၀၃၃၃၃.၂၈)ကျပ်ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းပုံလွန်တော်မူပြီးဖြစ်သူ ဆရာတော် ဦးပဏ္ဍဝ ၁၂/မဂတ(သ)၀၀၀၂၅၈ ရရန်ကျန်ရစ်သော မြန်မာ့စီးပွားရေးဘဏ်(၁)တွင်ငွေစုစာရင်း အမှတ်(SP-023251)မှ စုဆောင်းလက်ကျန်ငွေ(၁၀၀၀၃၃၃၃.၂၈)ကျပ် ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ်၊ ဇူလိုင် ၁၄ရက်(၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးပညာသာမိ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇွန်လ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ်-၂၉၆နေ ဦးကျော်ဇေယျာထွန်း ၇/ပမန(နိုင်)၁၂၈၀၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးကျော်ဇေယျာထွန်း ၇/ပမန(နိုင်)၁၂၈၀၇၃၏ဇနီးဖြစ်သူ ဒေါ်မေပွင့်ဖြူ ၇/ပမန(နိုင်)၁၂၆၅၂၀သည် ယင်း၏ သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပြီး သားသမီးနှစ်ဦး၏ နေ့စဉ်ရေးအတွက် မစဉ်းစားဘဲ မိမိထင်ရာစိုင်းပြုမူလုပ်ဆောင်နေခြင်းတို့ကြောင့် ယင်းနှင့်ပတ်သက်သောကိစ္စအဝဝအရပ်ရပ်အားလုံးတို့ကို ခင်ပွန်းဖြစ်သူ ဦးကျော်ဇေယျာထွန်းမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်မေပွင့်ဖြူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ငြိမ်းသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၂၀၃)**
**အမှတ် (၅၅၄)၊ ရုံးလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့**

## အထွေထွေကိုယ်စားလှယ်အဖြစ်မှရုပ်သိမ်းခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၆၈၁)၊ ၃၅လမ်းနှင့် ၇၄လမ်းထောင့်နေ ဒေါ်ခင်လှမူ(ဘ)ဦးနီ ၉/မရမ(နိုင်)၀၂၂၇၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှမူ မှ ဦးတင်လှ(ဘ)ဦးသန်းလွင် ၉/မရတ(နိုင်)၀၆၈၆၀၉အား ၂၀၁၃ခုနှစ်မတ်လ ၇ရက်တွင် မန္တလေးမြို့ တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ ၈၄၅/၂၀၁၃ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ(လုပ်ငန်းလုပ်ကိုင်ရန်) ပေးအပ်ခဲ့ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသော်လည်း လုပ်ငန်းပြီးစီးအောင်မြင်အောင်အချိန်မီ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား သတင်းစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ပြန်လည်ရုပ်သိမ်း၊ပယ်ဖျက်ကြောင်းကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် လာရောက်ပယ်ဖျက်ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ သတ်မှတ် ရက်အတွင်း လာရောက်ပယ်ဖျက်ဆောင်ရွက်ပေးခြင်းမရှိပါက အထွေထွေလွှဲစာရုပ်သိမ်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဖြိုးကိုကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၁၁)**
**အိမ်အမှတ်(၁၁၅/၈)၊ ၁၉x၂၀လမ်းကြား၊ ၆၃x၆၄လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၃၀၄၈၃၈၈**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/3980 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/5945, TOYOTA CROWN GRS 180, SALOON (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရှဲန်ဟိန်း ၁၃/ကတန(နိုင်)၁၂၉၅၉၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2131, JAC ယာဉ်လက်ဝယ်ရှိသူ Dragon Emperor Group Of Companies Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**(နေပြည်တော်ရုံး)**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/3150 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2127, JAC ယာဉ်လက်ဝယ်ရှိသူ Dragon Emperor Group Of Companies Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်ရုံး)**

### အမည်ပြောင်း

ဦးသန့်ထက်အောင်၏သား အိမ်မဲမြို့၊ အမှတ်(၁) အထက Grade-2မှ မောင်ဇေဦးညီအား မောင်ထက်ဦးဝေလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထက်ဦးဝေလွင်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/48640, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလတ် ၉/မထလ(နိုင်)၀၅၁၇၈၈က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/5435, Hyundai Porter II, P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ Yawai San Co.,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ်(A-၃၈)၊ ဧရိယာ(၀ဒသမ၂၇၅)ဧကရှိမြေကို ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအမည်ဖြင့် ဌာနဆိုင်ရာ မြေလွှဲချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/4217, TOYOTA DYNA KDY 280 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အီကောင်(ခ)မေပုလဲ၁၃/ကလထ(နိုင်)၀၀၂၁၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၁x၆၂လမ်း၊ ပျူစောထီးလမ်းနှင့် ကျန်စစ်သားလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၆၅၂၇/၁၉၉၀-၁၉၉၁) အရ ဒေါ်ခင်စန်းဝင်း ၉/မရမ(နိုင်)၀၆၀၈၅၈အမည်ပေါက်သို့ မြေရာဇဝင်(၁-က)မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်ဒေါ်ဝါဝါတင် ၁၂/အစန(နိုင်)၀၉၈၆၉၇မှ မြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### မိဘအမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

တောင်သာမြို့၊ အေးချမ်းသာ အလက Grade-7 မှ မရွှန်းလဲ့မေ၏ မိဘအမည်မှန်မှာ ဦးဇော်မြင့်သိန်းနှင့် ဒေါ်အေးအေးလတ်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၂-၂၀၀၉ ဖြစ်ပါကြောင်း။

**ဦးဇော်မြင့်သိန်း-ဒေါ်အေးအေးလတ်**
**၂၀-၁၂-၂၀၀၉**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၈)၊ ဦးပိုင်အမှတ် (၄၄)၊ ၆၇x၆၈ လမ်း၊ ဝေဘာလီနှင့် သာယာဝတီလမ်းကြားရှိ ဦးဖုန်းမြင့် အမည်ပေါက် တောဂရန်မြေကွက်အား ဦးဖုန်းမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၄၀၆၁/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စောမေ ၁/မညန(ဧည့်)၀၀၀၂၅၇က ဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ မြေချထားမိန့်၊ ငွေသွင်းပြေစာများတင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာလမ်းသွယ် (၅)၊ တိုက်အမှတ် (၁၃၁-B)၊ မြေညီထပ်၊ (ခြေရင်းဘက်ခြမ်း)၊ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရွှေရည်ဝင်း ၁၂/ဥကမ(နိုင်)၀၁၇၈၂၉ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဝင့်ဝါထွန်း(စဉ်-၁၆၅၀၄) ဒေါ်စန်းစန်းမော် (စဉ်-၇၉၆၆)**
**ဒေါ်ခိုင်ဇာလင်း (စဉ်-၁၇၇၇၅)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၄၂၈)၊ သုမာလာ (၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၅၄၄၉၁၂၄၈**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8658 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွမ်းနော ၁/မကန(နိုင်)၀၂၀၂၄၀ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

## ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာရင်း၁(က)တွင် အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြေညာစာ

ဦးစိုးညွန့်နှင့်ဒေါ်ကြွယ်ကြွယ်ဇော်လင်းက အောက်ပါနယ်နိမိတ်အတွင်း တည်ရှိ၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၇S)၊ ကုလားကုန်းရပ်၊ ဦးပိုင်အမှတ်(၁၈၅^က+၁၈၆^ခ)၊ ဧရိယာ(၀ဒသမ၀၇၂+၀ဒသမ၀၅၈)ဧကရှိ အိမ်ခြံမြေကို ဤမြို့နယ်ရုံးရှိ ပိုင်ဆိုင်မှုမှတ်ပုံစာရင်း၁(က)တွင် အမည်ပေါက်သူ ဒေါ်စန်းစန်းအမည်မှ ဦးစိုးညွန့်နှင့် ဒေါ်ကြွယ်ကြွယ်ဇော်လင်းအမည်သို့ပြောင်းလဲပေးပါရန် စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြလျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားမှုကို ပြောင်းလဲမပေးသင့်ကြောင်း ကန့်ကွက်လိုလျှင် ၂၀၂၂ခုနှစ်၊ ဇူလိုင် ၂၉ရက် ရုံးချိန်မတိုင်မီ စာရွက်စာတမ်း အထောက်အထားများနှင့် မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်မှတင်သွင်းလာသည့် ကန့်ကွက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း၊ အကယ်၍ ထိုနေ့ရက်မတိုင်မီသော်လည်းကောင်း၊ ထိုနေ့ရက်၌သော်လည်းကောင်း၊ကန့်ကွက်လွှာများမရလျှင် လျှောက်ထားသည့်အတိုင်း အမည်ပြောင်းပေးမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**လက်ပံတန်းမြို့**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## တောင်ငူခရိုင်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၃ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် -၂၆

ဦးဟိန်းစည်သူမျိုး နှင့် ဦးအောင်ကျော်သန်း
ဒီကရီအနိုင်ရသူ တရားရုံး

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ တပင်ရွှေထီးရပ်ကွက်နေ ဦးအောင်ကျော်သန်း (ဘ)ဦးစိန်ထွန်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၃၃ တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဟိန်းစည်သူမျိုးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇွန် ၃၀ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းအောင်)**
**ခရိုင်တရားသူကြီး**
**တောင်ငူခရိုင်တရားရုံး**

### အမည်ပြောင်း

ကော့ကရိတ်မြို့၊ အထက ချောင်းတောင်ကျောင်း Grade-5မှ ဦးအောင်မျိုးမြင့်၏သား မောင်ညာဏ်ဆင့်ဖြိုးအား မောင်စောလူမြတ်မင်း ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စောလူမြတ်မင်း**

### အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်နေ ဦးဝင်းဦး၏ သမီး မဇာဏီဝင်းထိုက်၏ အမည်မှန်မှာ မဇာနီဝင်းထိုက် ၇/ရကန(နိုင်) ၀၄၀၄၁၂ ဖြစ်ပါကြောင်း။

**မဇာနီဝင်းထိုက်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၇၈၀)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်ရင်ရင်အေးအမည်ပေါက်ပါမစ်မြေကွက်အား အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ခိုင်ယဉ်မွန် ၇/ပမန(နိုင်)၁၃၅၃၇၁မှ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများ တင်ပြပြီးအဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/3920 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7016, ToyotaRAV4 (ACA21) STATION WAGON(4x4) Rယာဉ်လက်ဝယ်ရှိသူဦးအောင်စိုးလင်း ၅/ကဘလ(နိုင်)၀၁၆၉၆၂က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

# ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း (၁၃) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် အသင်းဝင်များနှင့် ဝန်ထမ်းများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်–

ဦးကံညွန့် ဖုန်း–၀၉–၅၃၄၁၃၀၄၊ ဦးကျော်ကျော်ဝင်း ဖုန်း–၀၉–၄၄၈၅၃၉၂၉၊ ဦးကျော်ဇော ဖုန်း ၀၉–၅၂၀၂၆၉၇၊ ဦးမြင့်ထွန်းလတ် ဖုန်း–၀၉–၇၇၅၁၁၀၄၆၆၊ ဦးဇော်ဝင်း ဖုန်း ၀၉–၂၅၅၇၇၃၃၆၄။

**ကျင်းပမည့်ရက်** – ၂၄–၇–၂၀၂၂ ရက်၊ (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်) (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** – နံနက် (၁၀:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀) နာရီထိ

**ကျင်းပမည့်နေရာ** – ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၊ (၈)မိုင်ခွဲ၊ ပြည်လမ်း၊ဆည်မြောင်းဝင်း၊ အမှတ်(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

**(တစ်ဦးချင်းသီးခြားဖိတ်စာမပို့ပါ)**

**အမှုဆောင်အဖွဲ့**

## တိုက်ခန်းငှားရန်ရှိသည်

ယုဇနပလာဇာအနီး၊ ကျောက်မြောက်ကြီးရပ်ကွက်၊ တာမွေ၊ ၂၅ပေx၅၀ပေ တိုက်ခန်းကျယ်၊ ခန်းလုံးပြည့်ကြွေပြားခင်းကပ်ပြီး နှစ်ခန်းတွဲ၊ သုံးခန်းတွဲငှားရန်ရှိသည်။ တစ်ခန်းချင်းငှားလိုလျှင်လည်းရသည်။

**ဆက်သွယ်ရန်ဖုန်း–၀၉–၇၉၅၅၀၀၈၇၇**
**၀၉–၇၉၅၅၀၀၈၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော/တောင်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၂၀၅)တွင်နေထိုင်သော ဦးခင်ဇော်ဝင်း ၁၂/စခန(နိုင်)၀၄၁၇၁၂ နှင့် ဒေါ်ဆွေဆွေဝင်း ၁၂/စခန(နိုင်)၀၂၅၄၅၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဖခင်ဖြစ်သူ ဦးခင်ဇော်ဝင်းသည် မိမိအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ကြည်စု)၊ အလင်းရောင်(၂)လမ်း၊ မြေကွက်အမှတ်(၅၄၄/A)၊ မြေအကျယ်အဝန်း (၂၅ပေx၅၀ပေ)၊ မြေဧရိယာ ၀ ဒသမ ၀၂၈ ဧက၊ (၁၂၅၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် မိခင်ဖြစ်သူ ဒေါ်ဆွေဆွေဝင်းသည် မိမိအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၅/ကြည်စု)၊ အလင်းရောင်(၂)လမ်း၊ မြေကွက်အမှတ်(၅၄၄/B)၊ မြေအကျယ်အဝန်း (၂၅ပေx၅၀ပေ)၊ မြေဧရိယာ(၀ ဒသမ ၀၂၈)ဧက၊ (၁၂၅၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို သားဖြစ်သူ ဦးအောင်သီဟဇော် ၁၂/စခန(နိုင်)၀၆၇၇၃၀ နှင့် သမီးဖြစ်သူ ဒေါ်ချမ်းမြေ့ဇော် ၁၂/စခန(နိုင်)၀၇၃၇၃၆ တို့အား အဖိုးစားနားတစ်ပြားတစ်ချပ်မျှရယူခြင်းမရှိဘဲ ချစ်ခြင်းမေတ္တာသက်သက်ဖြင့် "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်"များ အသီးသီးချုပ်ဆို၍ အပိုင်ပေးကမ်းခဲ့ပါသည်။

ယင်းသို့ အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားဖြင့် မည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးခင်ဇော်ဝင်းနှင့် ဒေါ်ဆွေဆွေဝင်းတို့ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ဤကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၇၄၂)**
**အမှတ်–၅၉၉၊ ရေလမ်းမကြီး၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၄၃၁၄၂၉၈၅၊ ၀၉၄၅၀၀၀၂၃၇၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၀ခ/၁၂)၊ ဦးပိုင်အမှတ်(၅၆/၂)၊ မြေဧရိယာ ၀ ဒသမ ၁၀၂ဧကရှိ မြေကွက်အား မူလက ဦးတင်ဝင်းအောင်အမည်ဖြင့် ၈–၄–၂၀၂၃ရက်ထိ (၁၀)နှစ်ဂရန် ရရှိခဲ့ပါသည်။ ဦးတင်ဝင်းအောင်သည် ၁၀–၉–၂၀၂၁ ရက်တွင် ကွယ်လွန်သွား၍ဇနီးဖြစ်သူ ဒေါ်ထိုက်ရွှေစင်မှ ၂၈–၁၂–၂၀၂၁ ရက်တွင် ကျမ်းကျိန်ဆိုကာ ၂၈–၁၂–၂၀၂၁ ရက်တွင် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ထိုက်ရွှေစင် ၁/မကန(နိုင်)၀၀၅၆၁၅ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့် ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/ဖ၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၁၀/၂ဃ)၊ မြေဧရိယာ ၀ ဒသမ ၄၄၆ ဧကရှိမြေကွက်အား ဦးအင်ဘော်ဂမ်ဇော်လောန်အမည်ဖြင့် (၁၉–၆–၂၀၁၆) ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဦးအင်ဘော်ဂမ်ဇော်လောန်မှာ (၁၆–၄–၂၀၁၆)ရက်တွင်လည်းကောင်း၊ ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်နန်ဒွဲမှာ (၁၃–၄–၂၀၁၈) ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားကြပြီး ၎င်းတို့၏သားသမီးများဖြစ်ကြသော ဦးဘရန်မိုင်၊ ဒေါ်ခေါန်လွမ်းတို့(၂)ဦးသာထွန်းကားခဲ့ပြီး ၎င်းတို့(၂)ဦးမှ (၈–၁၀–၂၀၁၉)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ်(၄၄၃/၂၀၁၉)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဦးဘရန်မိုင်မှ ဒေါ်ခေါန်လွမ်းထံသို့(၇.၃.၂၀၂၂)ရက်စွဲပါ အမှားပြင်ဆင်ခြင်းစာချုပ်မှတ်ပုံတင်အမှတ်(၇၀/၂၀၂၂)အရ ဦးပိုင်(၁၀/၂)မြေဧရိယာ (၀ ဒသမ ၃၃၅)ဧကအပိုင်းကို အပြီးအပိုင်စွန့်လွှတ်ထားပြီးဖြစ်သဖြင့် ဒေါ်ခေါန်လွမ်းထံမှ ဦးပိုင်(၁၀/၂ဃ)၊ မြေဧရိယာ(၀ဒသမ၁၅၉)ဧကအပိုင်းကို ဒေါ်လေးသားညို့က (၈–၄–၂၀၂၂) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၁၈/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်လေးသားညို့ အမည်ဖြင့် မြေငှားဂရန်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၂၂၊ အောင်နန်းရိပ်သာ)၊ ဦးပိုင်အမှတ်(၄၆/၁)၊ မြေဧရိယာ(၀ ဒသမ ၀၆၉)ကေရှိမြေကွက်အား ဦးကျားကန်(ခ)ရန်ချစ်ဝေအမည်ဖြင့် (၉–၁၀–၂၀၁၂) ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဦးကျားကန်(ခ) ချစ်ဝေထံမှ ဒေါ်ရင်ဖန်းက (၄–၆–၂၀၂၀)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၄၄/၂၀၂၀)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်ရင်ဖန်းအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၂၅/လုံလေ့ရပ်)၊ ဦးပိုင်အမှတ် (၅၁)၊ ဧရိယာ(၀ ဒသမ ၁၃၂) ဧက ဒေါ်ကြူဖိန်အမည်ပေါက်အမှုတွဲအမှတ်၄၀၃–၅/၂၀၀၀–၀၁(အေ)အား လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်အမှတ်(၅၇၂/၂၀၂၂)ဖြင့် ဒေါ်ရန်မကြွင်း ၁၃/လရန(နိုင်)၁၀၈၄၈၀ သို့ အိမ်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း(၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၁၁/ဃ၊ မန်ဆူဘုရားကုန်းရပ်)ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ (၀ ဒသမ ၁၀၃)ကေ ဒေါ်ဝမ်လီ အမည်ပေါက်အမှုတွဲအမှတ် ၃၀၈–၅/၁၉၉၀–၉၁(အေ)အား လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်အမှတ် (၄၆၊/၂၀၂၂)ဖြင့် ဒေါ်လီရှောက်စင်း ၁၃/ကကန(နိုင်)၀၀၂၄၉၃ သို့ အိမ်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်နေ့မှ ရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ အကွက်အမှတ်(၅၂/ဗမာရွာရပ်)၊ ဦးပိုင်အမှတ် (၄၆)၊ ဧရိယာ ၀ ဒသမ ၁၄၃ ဧက ဒေါ်ခင်မာဝင်းပါ(၄)ဦး အမည်ပေါက်အမှုတွဲအမှတ် ၈၀၁–၅/၂၀၁၇–၁၈(အေ)အား လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်အမှတ် (၊၈၁/၂၀၂၂)ဖြင့် ဦးခင်မောင်စိုး၁၃/လရန(နိုင်)၀၈၃၇၆၂ သို့ အိမ်မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း(၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့–၁)၊ ဦးပိုင်( ၅၈)၊ ဧရိယာ(၀ ဒသမ ၀၆၉)ကေရှိ မြေနေရာအား ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ လားရှိုးမြို့၏ (၂၀–၁၀–၁၉၉၅) ရက်တွင် ဦးနေဝင်း အေဗွီ–၀၇၄၆၀၄ သို့ မြို့မြေ ကွက်နေရာချထားပေးပြီးဖြစ်၍ ၎င်းထံမှ (၂၀–၅–၂၀၀၅)ရက်တွင် ဒေါ်ဝမ်မေက နှစ်ဦးသဘောတူအရောင်းအဝယ် စာချုပ်ချုပ်ဆို၍ အခွန်ထမ်းဆောင်ပြီးဖြစ်ပါသဖြင့် ဒေါ်ဝမ်မေ ၁၃/တယန(နိုင်)၀၂၀၃၆၆ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများ ရှိက(၃၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အကွက်အမှတ်(ကွန်ပျူတာတိုးချဲ့)၊ ဦးပိုင်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၉၆)ကေ၊ အမှုတွဲအမှတ် ၂၉၆–၅/၂၀၁၆–၂၀၁၇(စီ)ရှိ မြေအား ဗိုလ်မှူးကြီးကျော်ကျော်သက် ၁၀/မဒန(နိုင်)၀၀၀၉၈၀ အမည်ပေါက်ပိုင်ဆိုင်၍ ၎င်း၏ SP ရရှိသူ မောင်နှစ်ဆန်းဦးမှ စာချုပ်အမှတ်(၁၆၇၊/၂၀၂၂) ဖြင့် (၂၈–၂–၂၀၂၂)ရက်တွင် ဒေါ်ခမ်းထွန်း ၁၃/မဆတ(နိုင်)၀၂၂၀၁၄ မှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၃/၃၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ်(၇/၃က–၁+၇/၃က–၂)၊ မြေဧရိယာ ၀ ဒသမ ၅၈၂ ကေရှိမြေကွက်အား ဒေါ်မေလီသိန်း၊ ဦးပြေဦးလွင် အမည်ဖြင့် ၂၇–၅–၂၀၅၀ ရက်အထိ မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်မေလီသိန်းနှင့်ဦးပြေဦးလွင်တို့(၂)ဦးထံမှ ဦးဆောက်ဂျီကောင်က ၂၆–၁၁–၂၀၂၁ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၂၁၉/၂၀၂၁)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးဆောက်ဂျီကောင် အမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန်ရရှိရေးအတွက်တင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး မကွေးမြို့ရှိ ဆေးရုံနှင့်အခြား အဆောက်အဦများအား လုံခြုံမှုရှိစေရန်အတွက် ပုဂ္ဂလိကလုံခြုံရေးငှားရမ်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပုဂ္ဂလိကလုံခြုံရေးလုပ်ငန်းဆောင်ရွက်ခွင့် တရားဝင်မှတ်ပုံတင်လိုင်စင်ရှိသော ကုမ္ပဏီများအနေဖြင့် လျှောက်ထားလုပ်ကိုင်လိုပါက မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့သို့ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း လျှောက်လွှာများ ဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်–

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – ၂၇–၆–၂၀၂၂ ရက် (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** – တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး မကွေးမြို့၊
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** – ၁၀–၇–၂၀၂၂ (တနင်္ဂနွေနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** – ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ရုံးခန်း၊ မကွေးမြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်ရွေးချယ်ရေးကော်မတီ**
**တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့**
**ဖုန်း–၀၆၃–၂၀၂၆၀၂၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်–၅ ၊ နည်းဥပဒေ–၂၀) စလင်းမြို့နယ်တရားမရုံးတော်၌ ၂၀၂၀ ပြည့်နှစ် ၊ တရားမကြီးမှုအမှတ်–၄၂ ၊

| | | |
|---|---|---|
| ဒေါ်မာလာစန်း | နှင့် | ဦးစံထွန်းဦး |
| **(တရားလို)** | | **(တရားပြိုင်)** |

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဈေးမရပ်နေ ဦးစံထွန်းဦး (ယခုနေရပ်လိပ်စာမသိ ) တို့သိရှိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မာလာစန်းက အိမ်ဝိုင်းမြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင်ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်ကာ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ငြိမ်းချမ်းအောင်)**
**မြို့နယ်တရားသူကြီး**
**စလင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော နှစ်ခန်းတွဲခြောက်ထပ်တိုက်မှ ဒုတိယထပ်(သုံးလွှာ)၊ ခေါင်းရင်းခန်း၊ တိုက်ခန်း(၁)ခန်းကို ကန်ထရိုက်တာဖြစ်သူထံမှ ဒေါ်အေးမွန် ၁၄/မအပ(နိုင်)၁၄၅၀၇၄ ကဝယ်ယူခဲ့ပြီး ၎င်းထံမှ တစ်ဆင့် ဒေါ်မာမာချို ၁၂/တကန(နိုင်)၀၉၁၁၀၄ က ၂၀၁၈ ခုနှစ်က ပြန်လည်ဝယ်ယူခဲ့ပါသည်။ ယခုအခါ ဒေါ်မာမာချိုသည် ၄–၇–၂၀၂၁ ရက်က ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးမြင့်ခိုင် တစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိသော တိုက်ခန်းဖြစ်ကြောင်း အဆိုပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့် တကွ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန္တာမြင့်(LL.B) (စဉ်–၈၅၀၂/၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်–၃၊ အခန်း–၁၈၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း–၀၉–၂၆၃၄၆၂၄၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ တလုပ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၃၀၁)၊ ကံကြီးတောင်ကွင်း၊ ဦးပိုင်အမှတ် (၅၃)၊ ယာမြေဧရိယာ ၁ ဒသမ ၇၅ဧကရှိ မြေနေရာအား မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်ကွက်နေ ကျွန်တော်ဦးဝဏ္ဏလင်း ၈/မသန(နိုင်)၀၇၅၃၄၀ မှ သိဒ္ဓိလင်းအမည်ဖြင့် (၂၀)လီတာ၊ (၁)လီတာ၊ (၀ ဒသမ ၆)လီတာ၊ (၀ ဒသမ ၈)လီတာ၊ (၀ ဒသမ ၃၅)လီတာ သောက်ရေသန့်ဘူးများအား မကွေးတိုင်းဒေသကြီးအတွင်းသို့ ထုတ်လုပ်ဖြန့်ချိမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သိဒ္ဓိလင်းအမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ခြင်းအား ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်တော်ဦးဝဏ္ဏလင်းထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏလင်း ဖုန်း–၀၉–၄၀၁၆၃၈၈၄၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄)၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံ၊ ညောင်ရမ်းလမ်းမကြီး မြေကွက်အမှတ် (၁၆)၊ မြေအမျိုးအစား ဂရန်မြေ (အလျား ၄၀ ပေ x အနံ ၆၀ ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ဖြစ်သူ ဦးလှသိန်း ၁၂/ဒဂန(နိုင်)၀၀၄၉၄၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမြင့်ရှိန်း ၉/ပသက(နိုင်)၀၃၁၂၃၉ သည် အပြီးအပိုင်လက်ရောက် ဝယ်ယူရန်စရန်ငွေ (တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၂၆၄၁၉၉၂၈၈၊ ၀၉–၂၆၀၃၉၉၀၃၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ချစ်မိုးလွင် ၈/ပမန(နိုင်)၁၀၂၉၅၇၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၈၁၁၀၃၃၃၈**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇေယျာလင်း ၈/မတန(နိုင်)၀၆၀၁၃၅၏နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၈၁၁၀၃၃၃၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၃၄၆/ခ၊ မြေကွက်တည်နေရာအမှတ်(၃၄၆/ခ)၊ ဇေယျာ(၈)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးစန်းငွေ အိုင်အက်စ်အန်–၂၆၄၀၀၆) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစန်းငွေ (အိုင်အက်စ်အန်–၂၆၄၀၀၆)ကို တရားပြိုင်ထား၍ တရားလို ဒေါ်ဆုဝေထွန်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂၉/၂၀၂၁ ၏ စီရင်ချက် တရားမဒီကရီမှုအမှတ် ၈/၂၀၂၂ ၏အမိန့်နှင့် ဘိလစ်ခန့်စာတို့တင်ပြ၍ တရားရုံးကိုယ်စား ဘိလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁–ခ၊ အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ် (၃၄၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၁)ကေရှိ မြေကွက်အား ဗိုလ်မှူးကြီးမောင်မောင်တင်အမည်ဖြင့် (၁၅–၁၀–၂၀၁၃) ရက်အထိ မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဗိုလ်မှူးကြီး မောင်မောင်တင်ထံမှ ဦးရှိုင်းလင်းဇော်နှင့် ဒေါ်တင်းရွှေရည်စိုးတို့(၂)ဦးက (၁၁–၁၀–၂၀၂၁)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၅၀/၂၀၂၁)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးရှိုင်းလင်းဇော်ပါ (၂)ဦး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းရရှိရေး အတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မဟာသရဖူ ကိုယ်ပိုင်အထက်တန်းကျောင်း ပဉ္စမတန်းမှ မောင်စည်သူထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်အိသန္တာဖြစ်ပါကြောင်း။ **ဒေါ်အိသန္တာ**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးအောင်ပိုင်မိုး၏သမီး အမက(၃၁) တတိယတန်း တက်ရောက်နေသော မထက်မှူးသဒ္ဒါအား မခင်ထက်ထက်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ငူမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၈

ဒေါ်သန်းသန်းအေး နှင့် ၁။ ကိုမောင်ဇော်
၂။ မသင်းသင်း

တရားလို — တရားပြိုင်များ

တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ တပင်ရွှေထီးရပ်ကွက်နေ တရားပြိုင်(၁) ကိုမောင်ဇော် (ဘ)ဦးသောင်းစိန်၊ တရားပြိုင်(၂) မသင်းသင်း (ဘ)ဦးရွှေညို (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုဒေါ်သန်းသန်းအေးက အခင်းဖြစ်ခြံမြေကွက်သည် တရားလိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန္တာမျိုးထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ငူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ ကွင်းအမှတ်(၁၁၇၆-ခ)၊ ရေကျော်ရွာကွင်း၊ ဦးပိုင်အမှတ်(၃၄/၃-က)၊ မြေဧရိယာ၀ ဒသမ ၂၁၈ဧကကျယ်ဝန်းသည့် ဂရန်မြေနှင့် ယင်းဂရန်မြေပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးဘိစိန်(ဘ)ဦးစောသိန်းနိုင် ၁/ကမန(နိုင်)၀၄၃၈၇၈ က ဘဏ်တွင်ပေါင်နှံထားရာမှ ပြန်လည်ရွေးနုတ်ပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူဝင်း (ဘ) ဦးအိုက်မောင် ၁/မညန(နိုင်)၁၀၄၇၃၀က ယင်းဂရန်မြေနှင့် ဂရန်မြေပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဥပဒေနှင့်အညီ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါပစ္စည်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါလျှင် အရောင်းအဝယ်ပြုလုပ်ခြင်းအား တည်ဆဲဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၈၁/၂၇-၁-၂၀၁၅)**
**အမှတ်(က/၃၆၇)၊ ဗန္ဓုလလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မြဝတီမြို့**
**ဖုန်း-၀၉-၇၈၅၅၇၅၇၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ ၀ ဒသမ ၀၈၂၈ဧက၊ မြေကွက်အမှတ်(ပ-၃၆)၊ ဦးအုန်းလှိုင် (ဘ)ဦးလှမောင် PMA-၁၇၅၇၁၀ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဥက္ကာ (ဘ) ဦးဒီဂွမ်ဂျာ ၁၂/ကမတ(နိုင်)၀၀၃၂၃၃မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ စပါယ်မြိုင်(၂)လမ်း၊ အမှတ်(၅၀၉/က)၊ မြေအမျိုးအစား-မြေချပါမစ်၊ (အလျားပေ၂၀xအနံပေ၆၀)ရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ဖြစ်သူ ဦးမင်းအေးကျော် ၁၂/သဃက(နိုင်)၀၁၉၉၉၃ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟဝန်ခံသူ ဦးကျော်ကျော်နိုင် ၁၂/သဃက(နိုင်)၁၀၄၉၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြ ၁၂/ဥကတ(နိုင်)၀၅၄၂၆၈ သည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်း၀လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ကုန်သည်လမ်းနှင့်လမ်းသွယ်(၄)လမ်းထိပ်၊ အမှတ်(၂၉၂)၊ လေး-လွှာ(တတိယထပ်)(ဘယ်/ညာနှစ်ခန်းတွဲ)၊ အကျယ်အဝန်း(၃၆ပေxပေ၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးပြည့်ဖြိုး ၁၃/တကန(နိုင်)၁၈၇၆၉၇ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေးစိုး ၁၂/ဗတထ(နိုင်)၀၃၁၃၇၉မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်မာသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၄၄၆)**
**ရုံး-အမှတ် (၃၀)၊ (၂)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၃၃၆၇၅၄၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၃၅

၁။ ဦးလှအောင် နှင့် ဦးစန်းမောင်
၂။ ဒေါ်ယုယုနိုင်

တရားလိုများ — တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်း(၂၆)လမ်း၊ ပထမထပ်၊ အမှတ်(၇၃၂)နေ ဦးစန်းမောင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ် စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဇူလိုင် ၈ရက် (၁၃၈၄ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဦးရဲထွန်း ၁၂/ဥကမ(နိုင်)၀၀၀၅၉၅ သိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရှိ တရားမကြီးမှုအမှတ်-၉၇/၂၀၂၀၊ မြတ်မွှေးကုမ္ပဏီလီမိတက် (ဦးရဲထွန်း)နှင့် Myanmar Carlsberg Co.,Ltd အမှုနှင့် တရားမကြီးမှုအမှတ် ၁၄၁/၂၀၁၉ Myanmar Carlsberg Co.,Ltdနှင့် ဦးရဲထွန်း (မြတ်မွှေး ကုမ္ပဏီလီမိတက်)တို့တွင် ဦးရဲထွန်း၏ ရှေ့နေများအဖြစ် လိုက်ပါဆောင်ရွက်ရန် ရှေ့နေကိုယ်စားလှယ်လွှဲစာများတင်ထားခဲ့ပါသည်။ ရှေ့နေကိုယ်စားလှယ်လွှဲစာ စတင်သည့်ရက်မှ နောက်ဆုံးရုံးချိန်း ၂၄-၆-၂၀၂၂ရက်အထိ ရုံးချိန်းရက်များတွင် ဦးရဲထွန်းကိုယ်တိုင်သော်လည်းကောင်း၊ (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးစိုးဝဏ္ဏ) သော်လည်းကောင်း တရားရုံးရှေ့သို့လာရောက်ခဲ့ခြင်းမရှိပါ။ တရားလိုနှင့် တရားပြိုင်ညှိနှိုင်းမှုများပြုခဲ့သော်လည်း အဆင်မပြေခဲ့ပါ။ ထို့ကြောင့် တရားရုံးမှအမှုကို ဆက်လက်စစ်ဆေးရန် ချိန်းဆိုသည့်အတွက် ဦးရဲထွန်းနှင့်ဆက်သွယ်ရန် ကြိုးစားခဲ့သော်လည်း အဆက်အသွယ်မရပါ။ ကျွန်တော်တို့မှ ဆက်သွယ်ပါရန် ၁၃-၃-၂၀၂၂ ရက်စွဲပါ အကြောင်းကြားစာကို ဦးရဲထွန်း၏ မြတ်မွှေးကုမ္ပဏီလီမိတက်ရှိရာလိပ်စာအတိုင်း ပေးပို့ခဲ့သော်လည်း မတွေ့၍ အကြောင်းကြားစာမှာ ကျွန်ုပ်တို့ထံ ပြန်လည်ရောက်ရှိခဲ့ပါသည်။ အမှုနှင့်ပတ်သက်၍ ညွှန်ကြားချက်တစ်စုံတစ်ရာရရှိခြင်းမရှိ၍ ယခုလာမည့် ၈-၇-၂၀၂၂ရက် မွန်းလွဲ ၁:၀၀နာရီသို့တရားရုံးမှ ရုံးချိန်းပေးထားပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ ၈-၇-၂၀၂၂ရက်မတိုင်မီ သို့မဟုတ် ၈-၇-၂၀၂၂ရက် မွန်းလွဲ ၁နာရီအတွင်း ဦးရဲထွန်းမှ ကျွန်ုပ်တို့ထံ လာရောက်တွေ့ဆုံရန် ကြိုတင်အသိပေး အကြောင်းကြားအပ်ပါသည်။ မလာရောက်ပါက ကျွန်ုပ်တို့မှ အထက်ဖော်ပြပါ တရားမကြီးမှု(၂)မှုတွင် တင်သွင်းထားသော တရားမရှေ့နေကိုယ်စားလှယ်လွှဲစာတို့ကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးဇော်သိန်းထွန်း** — **ဒေါ်ခင်လင်းအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၅)** — **တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၇၃၁)**
**အခန်း-၃(ခုနစ်)လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၉၈၈၅၇၀၁၆၊ ၀၉-၅၄၁၅၈၀၈**

## ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်-၄၀နေ ဦးမြင့်ဆွေ ၁၀/မဒန(နိုင်)၀၅၅၆၂ ပိုင်ဆိုင်သော မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ အဲမွန်ဒယာ (၅)လမ်း၊ တိုးချဲ့အိမ်ရာ မြေကွက်အမှတ်-၁၅၈၊ မြေဧရိယာအားလုံးအနက်မှ အရှေ့မျက်နှာစာ-၂၀'x အလျား အရှိအတိုင်း ခြံမြေပေါ်တွင် ဆောက်လုပ်ထားသော အောက်အုတ်အပေါ်ပျဉ်နှစ်ထပ် နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်ရှိသော အိမ်ခြံမြေပိုင်ဆိုင်မှု စာချုပ်စာတမ်းမှာ ပျောက်ဆုံးနေကြောင်းနှင့် အဆိုပါအိမ်ခြံမြေမှာ ဦးမြင့်ဆွေ တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ တွေ့ရှိပါက အကြောင်းပေးပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၆၉၅/၃၀-၉-၂၀၂၀)**
**အမှတ်(၄၇)၊ ဗိုလ်အောင်ကျော်လမ်း၊ ပိန္နဲတိုက်ရပ်၊ မုဒုံမြို့**
**ဖုန်း-၀၉-၆၈၀၉၅၀၆၄၄၊ ၀၉-၄၄၄၂၀၄၆၁၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်းကျေးရွာနေ ဦးအောင်သက်ဦး ၁၀/မလမ(နိုင်)၁၅၅၄၅၉ နှင့် ဒေါ်တင်တင်ဆန်း ၁၀/မလမ(နိုင်)၀၈၂၇၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်သက်ဦးနှင့် ဒေါ်တင်တင်ဆန်းတို့၏သမီးဖြစ်သူ မအိသက်ပိုင်ဦး ၁၀/မလမ(နိုင်)၂၁၈၂၇၈ သည် မိဘတို့၏သွန်သင်ဆုံးမမှုကို လိုက်နာခြင်းအလျှင်းမရှိဘဲ မိဘနှစ်ပါးအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုလုပ်ခြင်း၊ မိသားစု၏ဂုဏ်သိက္ခာကျဆင်းစေသောအပြုအမူများ၊ ခွင့်လွှတ်နိုင်ဖွယ်မရှိသော ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်း သည်းခံပါ)**

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးအောင်သက်ဦး ၁၀/မလမ(နိုင်)၁၅၅၄၅၉**
**ဒေါ်တင်တင်ဆန်း ၁၀/မလမ(နိုင်)၀၈၂၇၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာထွေး(စဉ်-၁၅၈၇၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄၄၄)၊အောင်သပြေ(၂)လမ်း၊**
**ဇေယျာ(၂)ရပ်ကွက်၊မော်လမြိုင်မြို့**
**ဖုန်း-၀၉-၄၂၅၂၉၉၃၄၀**

## လုပ်ငန်းအမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ Crystal Tower၊ (၄/လွှာ)၊ ကျွန်းတော်လမ်း၊ အမှတ်(၄၀၄)ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၀၄၅၄၀၀၃ မှတ်ပုံတင်ရရှိထားသော NATURAL CURE COMPANY LIMITED မှ ဝန်ထမ်းဖြစ်သူ ဒေါ်အေးငြိမ်းသူ(ဘ)ဦးခင်မောင်မြင့် (၈/မမန(နိုင်)၂၀၃၇၂၀)သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်းတို့၏ ကုမ္ပဏီမှုပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်-၄၂၁၄/၄၄၀၆/၄၂၁၇ တို့ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါအမှတ်တံဆိပ်၏ ကုမ္ပဏီမှုပိုင် ဖြစ်ပါသည် –

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်နှင့် ကုန်သွယ်မှုအမှတ်အသား NATURAL CURE (NC) (အန်စီ) "ငွေတောင်" ဂျစ်ပ်ဆမ်ကျောက်မှုန့်မြေဩဇာ(အခဲ)၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ် မြေဩဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို NATURAL CURE ကုမ္ပဏီမှုပိုင်အဖြစ် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိရာ မိမိတို့မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ အထက်ဖော်ပြပါ ကုမ္ပဏီ၏ လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ထင်ရောင် ထင်မှား ဆင်တူရိုးမှား တုပပြုလုပ်၍ ဈေးကွက်အတွင်း တရားမဝင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချ နေသည်များကို တွေ့မြင်ကြားသိရပါက ဥပဒေနည်းလမ်းရှိသမျှဖြင့် ထိထိရောက်ရောက် အရေးယူခြင်းခံရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၁၆၁)၊ အမှတ်(၄၇၅)၊ ဗမ္ဘူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း- ၀၉ ၇၉၉၆၁၁၃၀၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၆-၂၀၂၂ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉) ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၄၄/ခ) အစား အမှတ်(၄၄၇/ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်နေအောင် ၉/ပဗသ(နိုင်)၀၂၂၇၄၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၂၀၅၂၆၅**

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၂)၊ (G-8)တန်းမှ မောင်စဖွဲ့ထက်သီဟ၏ ဖခင်အမည်မှန်မှာ ဦးစသိန်းတန် ဖြစ်ပါကြောင်း။

**ဦးစသိန်းတန်**
**၁၄/အမန(နိုင်)၀၉၈၀၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၅၉၄၆၀ လက်ဝယ်ရှိသူ ဦးဟန်ဝေလွင် ၁၀/မလမ(နိုင်)၁၆၆၇၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/2172 လက်ဝယ်ရှိသူ ဒေါ်စိုးစိုးဝေ ၁၀/ခဆန(နိုင်)၀၈၇၂၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၁၈၅၉ လက်ဝယ်ရှိသူ ဦးစံသိန်း ၁၀/မဒန(နိုင်)၀၃၀၃၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

**သွေးသည် အသက်**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ငွေစင်အိမ်နန်း ကုမ္ပဏီလီမိတက် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၂၆၈၆၂၈၀ သည် ၁၃-၅-၂၀၂၂ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ယခင်အစုရှယ်ယာ ၁၀၀၀ တန်ဖိုး ကျပ်သိန်း ၁၀၀၀မှ ကျပ်သိန်း ၁၀၀သို့ လျှော့ချမည်ဖြစ်ပါကြောင်း ဆုံးဖြတ်ထားသည့်အတွက် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါရန်နှင့် အများပြည်သူသိရှိရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ငွေစင်အိမ်နန်းကုမ္ပဏီလီမိတက်**

## အများသိစေရန်ကြေညာခြင်း

သရက်မြို့၊ သတ္တဌာနဘုရားလမ်း၊ ရွှေဘုံသာရပ်ကွက်နေ (ကွယ်)ဦးစိုး-ဒေါ်ခင်ညိမ်းတို့၏သား ကိုသီဟန်စိုး ၈/သရန(နိုင်)၀၄၇၁၁၃ သည် ညီအစ်ကိုမောင်နှမများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိဆန္ဒသဘောအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့်ပိုင်ဆိုင်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညီအစ်ကိုမောင်နှမများ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် ၁၅ရပ်ကွက်၊ နယ်မြေ-၈နေ ဦးဇော်ထွန်း ၉/မခန(နိုင်)၁၈၀၆၀၉နှင့် ဒေါ်တင်တင်မျိုး ၉/မခန(နိုင်)၁၈၀၆၂၂ တို့၏ သမီးဖြစ်သူ မဖွေးဖွေး ၉/မခန(နိုင်)၂၆၀၀၅၁သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘဆွေမျိုးတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်လုပ်ဆောင်ခဲ့၍ လွန်ခဲ့သော ၂၃-၅-၂၀၂၁ရက်ကတည်းက ကျွန်ုပ်တို့မိဘများအနေဖြင့် သမီးအဖြစ် သတ်မှတ်ခြင်း မပြုတော့ပါ။ သို့ဖြစ်၍ လွန်ခဲ့သော ၂၃-၅-၂၀၂၁ရက်ကတည်းကပင် မဖွေးဖွေးသည် ကျွန်ုပ်တို့နှင့် သက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များမှာ ၎င်းနှင့်သာသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်း-ဒေါ်တင်တင်မျိုး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမင်္ဂလာရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၃၁၀)နေ ဒေါ်မြင့်မြင့်နွယ်(ခ)ဒေါ်မြင့်မြင့်ချို ၁၀/မလမ(နိုင်)၀၉၀၁၁၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်မြင့်မြင့်နွယ်(ခ)ဒေါ်မြင့်မြင့်ချို၏သားဖြစ်သူ မောင်ဟိဏ်းကျော်အောင် ၁၀/မလမ(နိုင်)၂၄၅၃၄၆ သည် မိခင်ဖြစ်သူ၏ လမ်းညွှန်ဆုံးမမှုများကို မနာခံသည့်အပြင် မိခင်အား လွန်စွာစိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုမူနေသဖြင့် ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေပြုံးပြုံးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၁၀)**
**နယ်မြေ(၉)၊ ငန်းတေးရပ်ကွက်၊ မော်လမြိုင်မြို့**

## "အများသိစေရန် ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၅၀၂)နေ ဒေါ်လှလှငွေး ၁၂/ဗဟန(နိုင်)၁၀၈၂၉၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် (၅၀၂)၊ မြေညီ (B)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်စန်းစန်းဝင်း ၁၂/ဗဟန(နိုင်)၀၂၃၇၄၆ ထံမှ ကျွန်ုပ်မိတ်ဆွေမှ ၃-၃-၂၀၂၁ ရက်တွင် ဝယ်ယူပိုင်ဆိုင် လက်ရှိထား အကျိုးခံစားလျက်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ယနေ့အချိန်ထိ အခြားသူတစ်ဦးတစ်ယောက်ကို ရောင်းထားခြင်း၊ ပေါင်ထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံအဖြစ်တင်ထားခြင်း၊ တစ်စုံတစ်ရာမရှိကြောင်းကို လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်လှလှငွေး**
**၁၂/ဗဟန(နိုင်)၁၀၈၂၉၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသူဇာအောင်(LL.B)** — **ဒေါ်မြမှူးသွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၄၃)** — **အထက်တန်းရှေ့နေ (စဉ်-၅၄၃၂၁)**
**သဃ်န်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး။**
**ဖုန်း-၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇွန် ၃၀

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍ

*စာမျက်နှာ ၆ ကော်လံ ၁* ❍

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် အခွန်ပမာဏ စုစုပေါင်း ကျပ် ၅၆ ဒသမ ၄၂၄ ဘီလီယံ အခွန်ကင်းလွတ်ခွင့် ပြုပေးခဲ့

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးဦးတည်ချက် ၃ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရအသုံးစရိတ်များသုံးစွဲရာတွင် အခွန်အကောက်ရငွေများဖြင့် အဓိက သုံးစွဲရပါသည်။ သို့ဖြစ်ရာ ရသင့်ရထိုက်သည့်အခွန်အကောက်ရငွေများ တိုးမြင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုရှေးရှု၍ တည်ဆဲဥပဒေများနှင့်အညီ အခွန်ကင်းလွတ်သက်သာခွင့်နှင့် အခွန်လျှော့ပေါ့ခွင့်တို့ကိုလည်း စိစစ်ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများမှ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်းအား ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေးအတွက် ပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မဖြစ်မနေတပ်ဆင်ရန် အစဉ်တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။

၂။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်း၊ ပြည်သူလူထုမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းများကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းများ သိသိသာသာကျဆင်းလာပြီဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ ကျင့်သုံးလိုက်နာဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး

*စာမျက်နှာ ၆ ကော်လံ ၁* ◆

**ယနေ့ သတင်းအညွှန်း**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ - ၂၀



**ရွှေဘိုမြို့နယ် ကော့ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ လက်လုပ်ဗုံးတစ်လုံးလာရောက်ပစ်ချ၊ စာသင်ကျောင်းအမိုး အနည်းငယ်ပျက်စီး**

ပြည်တွင်းသတင်း စာ - ၂၂